# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်၊ တနင်္လာနေ့ အတွဲ (၆၄)၊ အမှတ် (၀၅၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အမျိုးသားနေ့အောင်ပွဲသည် လွတ်လပ်ရေးရောင်ခြည်ဦး၏ အစ၊ အမျိုးသားရေးအရုဏ်ဦးကာလဖြစ်ခဲ့ပြီး အမျိုးသားအောင်ပွဲနေ့ကို အစပျိုးခဲ့သူတို့၏ မြင့်မြတ်ကောင်းမွန်မှုကြောင့် အနှောင်းသေချာခဲ့ခြင်းဖြစ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ်၊ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

**( ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် )**

**ချစ်ကြည်လေးစားရပါသော မြန်မာပြည်သူပြည်သားအပေါင်းတို့ ခင်ဗျား**

ယနေ့ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်၊ ခရစ်နှစ် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ (၂၅) ရက်တွင် ကျရောက်သည့် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ မင်္ဂလာအခါသမယ၌ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၊ တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ဤသမိုင်းဝင် နေ့ထူးနေ့မြတ်သည် ကိုလိုနီနယ်ချဲ့တို့၏ ကျူးကျော်အုပ်စိုးမှုကို သက်ဆိုးရှည်စေမည့် ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်တော်လှန်ခဲ့သောနေ့၊ မြန်မာတစ်မျိုးသားလုံး၏ မျိုးချစ်စိတ်နှင့် ဇာတိမာန်ရှင်သန်တက်ကြွလာစေရန် သန္ဓေတည်ပေးခဲ့သောနေ့တို့ ဖြစ်ခြင်းကြောင့် မြန်မာပြည်သူပြည်သားအားလုံး မမေ့အပ်သည့်နေ့ဖြစ်ပါသည်။

ကိုလိုနီနယ်ချဲ့တို့သည် ၎င်းတို့၏အကျိုးစီးပွားအတွက် နိုင်ငံတော်၏ အဖိုးတန်သယံဇာတများကို ထုတ်ယူသုံးစွဲပြီး မတရားဖိနှိပ်အုပ်ချုပ်ခဲ့ကြသည့်အပြင် မြန်မာတိုင်းရင်းသားများ အဆင့်မြင့်ပညာမသင်ကြားနိုင်အောင်၊ ခေတ်နှင့်အညီ ရင်ပေါင်တန်းမလိုက်နိုင်အောင် နည်းအမျိုးမျိုးဖြင့် ပိတ်ပင်တားဆီးမှုများ ပြုလုပ်ခဲ့ကြပါသည်။ မြန်မာတိုင်းရင်းသားပြည်သူများက မြန်မာနိုင်ငံတွင် တက္ကသိုလ်တစ်ခု ဖွင့်လှစ်ခွင့်ရရှိရေးအတွက် အကြိမ်ကြိမ်တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသဖြင့် ကိုလိုနီနယ်ချဲ့တို့က ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ (၁) ရက်နေ့တွင် တက္ကသိုလ်အက်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပါသည်။

ဤအက်ဥပဒေသည် မြန်မာလူငယ်များ တက္ကသိုလ်ပညာဆက်လက်သင်ယူခွင့်မရနိုင်အောင် အမျိုးမျိုးကန့်သတ်ချုပ်ချယ်ထားသည့်အတွက် မျိုးချစ်စိတ်ပြင်းထန်သည့် ကိုဘရှင်၊ ကိုဖိုးကွန်း၊ ကိုဖေသိန်းတို့ ပါဝင်သည့် ကျောင်းသားကြီး (၁၁)ဦးက ဦးဆောင်ကာ ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြပါသည်။ ဤလှုပ်ရှားမှုသည် မြန်မာနိုင်ငံကို ကိုလိုနီနယ်ချဲ့တို့ သိမ်းပိုက်လိုက်သည့်အချိန်မှစ၍ တိုင်းတစ်ပါးသားလူမျိုးခြား လက်အောက်မှ ပြန်လည်လွတ်မြောက်ရေးအတွက် မြန်မာတစ်မျိုးသားလုံးကို ဝံသာနုရက္ခိတစိတ်ဓာတ်နိုးကြားတက်ကြွလာအောင် လှုံ့ဆော်နှိုးဆွပေးခဲ့သည်။ နိုင်ငံနှင့်ပြည်သူလူထုအား သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံလိုစိတ်များ ပေါက်ဖွားရင့်ကျက်လာအောင်လည်း ဖန်တီးလှုံ့ဆော်ပေးခဲ့သည်။

မြန်မာတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် မျိုးချစ်စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှုသည် စွမ်းအားဖြစ်ကြောင်း သက်သေပြကမ္ပည်းစိုက်ထူနိုင်ခဲ့သော အမျိုးသားအောင်ပွဲနေ့ အခမ်းအနားများကို ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံး၌ နှစ်စဉ်မပျက် သိုက်မြိုက်စွာကျင်းပခဲ့ရာ ယခုဆိုလျှင် (၁၀၄)နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုယ်စား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးဌာနများနှင့် ကုမ္ပဏီများက လူသားချင်းစာနာထောက်ထားမှုအကူအညီများ လွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၄

ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုယ်စား အရပ်ဘက်ကာကွယ်ရေး၊ အရေးပေါ်အခြေအနေနှင့် သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ တိုက်ဖျက်ရေးဆိုင်ရာဝန်ကြီးဌာန၊ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ ရုရှားနိုင်ငံ နျူကလီးယား စွမ်းအင်ကော်ပိုရေးရှင်း (Rosatom) နှင့်

*စာမျက်နှာ ၄ ကော်လံ ၁* ❍



**ယနေ့ ဖတ်စရာ**


ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

ဘွဲ့တံဆိပ်များချီးမြှင့်အပ်နှင်း | စာ ၅

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ ဆက်လက်ကျင်းပ အုပ်စု(အေနှင့်ဘီ)မှ ကျောက်စိမ်းအတွဲပေါင်း ၁၈၂၃ တွဲ ရောင်းချနိုင်ခဲ့

ပြည်တွင်းသတင်း | စာ ၇

ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တစ်မျိုးသားလုံး ညီညွတ်စို့

ဆောင်းပါး | စာ ၁၆


**(၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုပါ၏။**

# စည်းလုံးညီညွတ်ကြရမည် အောင်ပွဲပန်းတိုင်ဆီ

အမျိုးသားနေ့သတ်မှတ်ရေးကိစ္စသည် နယ်ချဲ့အင်္ဂလိပ်၏ ဩဇာအာဏာကို ပထမဆုံးတော်လှန်ပုန်ကန်သည့် ၁၉၂၀ ပြည့်နှစ် ကောလိပ်သပိတ်အပြီး နောက်တစ်နှစ်တွင်မှ ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။ ၁၉၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်တွင် မန္တလေးမြို့၌ ကျင်းပခဲ့သည့် နဝမအကြိမ်မြောက် ဂျီစီဘီအေကွန်ဖရင့်ကြီးတွင် ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုကွန်ဖရင့်သည် ဂျီစီဘီအေသမိုင်းတွင် အကြီးကျယ်အခမ်းနားနှင့် အစည်ကားဆုံးဖြစ်ကြောင်း မှတ်သားရသည်။

အဆိုပါ ကွန်ဖရင့်ကြီးတွင် အမျိုးသားနေ့သတ်မှတ်ရေး ဆွေးနွေးကြသောအခါ သူရိယသတင်းစာ ဦးတုတ်ကြီးက သီပေါဘုရင်နန်းကျသောနေ့ကိုလည်းကောင်း၊ ပျဉ်းမနား၊ အေလာဦးဒွေးက ဦးဥတ္တမ ထောင်ကျသောနေ့ကိုလည်းကောင်း သတ်မှတ်ရန် အကြံပြုကြရာ ဂျဒ်ဆင်ကောလိပ်မှ ဦးမြင့်က နန်းကျသောနေ့၊ ထောင်ကျသောနေ့တို့သည် မင်္ဂလာမရှိ၊ အမင်္ဂလာဖြစ်သည်။ တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်ခြင်းသည် အင်္ဂလိပ်ဩဇာအာဏာကို ပထမဆုံးတော်လှန်ပုန်ကန်ခြင်းဖြစ်ပြီး အကျကိစ္စမဟုတ်၊ အတက်ကိစ္စဖြစ်သည်။ တစ်နိုင်ငံလုံး နိုးကြားထကြွသတိရလာကြပြီး ဝံသာနုရက္ခိတ တရားထွန်းကားလာသည်။ ထိုအကျိုးအကြောင်းတရားများကို ထောက်ထားဆင်ခြင်ကြပြီး ကျောင်းသားများ သပိတ်မှောက်သောနေ့ကို အမျိုးသားနေ့အဖြစ်သတ်မှတ်ရန် အဆိုတင်သွင်းခဲ့ရာမှ အမျိုးသားနေ့ ပေါ်ပေါက်လာခြင်းဖြစ်သည်။

၁၉၂၀ ပြည့်နှစ်တွင် စတင်ခဲ့သည့် တစ်နိုင်ငံလုံး တစ်စည်းတစ်လုံးတည်းသော နိုင်ငံရေးနိုးကြားမှုသည် နယ်ချဲ့ဆန့်ကျင် ရေးတောင်သူလယ်သမားအရေးတော်ပုံ၊ တို့ဗမာအစည်းအရုံးလှုပ်ရှားမှုများ၊ ၁၉၃၆ ခုနှစ် တက္ကသိုလ်သပိတ်၊ ၁၃၀၀ ပြည့် အရေးတော်ပုံ၊ အမျိုးသားလွတ်လပ်ရေး နောက်ဆုံးတိုက်ပွဲများဆီသို့ ဆက်လက်၍ အရှိန်အဟုန်မြှင့်တင်ပေးနိုင်ခဲ့ရာ ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက် (၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၅ ရက်) ပထမကျောင်းသားသပိတ်ကြီး ပေါ်ထွက် လာသောနေ့သည် သာမန်အမျိုးသားနေ့မဟုတ်ဘဲ အမျိုးသား အောင်ပွဲနေ့ဟု ဆိုအပ်သည်။ ယင်းအမျိုးသားအောင်ပွဲနေ့သည် ယခုနှစ်တွင် (၁၀၄) နှစ် ပြည့်မြောက်သည့် အချိန်ကာလသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

၂၀၂၄ ခုနှစ်၊ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို "တိုင်းရင်းသားများအကြား အပြန်အလှန် လေးစားမှု၊ ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး၊ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စာရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်း ထုတ်လုပ်မှုမြှင့်တင်ဆောင်ရွက်ရေး" ဟူသော ဦးတည်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ယင်းဦးတည်ချက်များသည် မိမိတို့နိုင်ငံတွင် ပစ္စုပ္ပန်ကာလဖြစ်ပေါ်နေသည့် အခြေအနေများနှင့်ကိုက်ညီပြီး နိုင်ငံသူနိုင်ငံသားအားလုံးက မိမိတို့ကျရာကဏ္ဍများမှ တာဝန်ကိုယ်စီ ကျေပွန်စွာ ဆောင်ရွက်ကြရမှာဖြစ်သည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ ကျော်ကာလ နယ်ချဲ့အစိုးရ၏ လက်အောက်ခံလူမျိုးများအဖြစ် ဖိနှိပ်ခံခဲ့ရသည့် မိမိတို့၏ ဘိုးဘွားများသည် နိုးကြားတက်ကြွသည့် မျိုးချစ်စိတ်ဓာတ်ဖြင့် တစ်ခဲနက် ညီညွတ်စွာစည်းလုံးစုရုံးခဲ့ကြပြီး နယ်ချဲ့ကို ပထမဆုံးအကြိမ်အဖြစ် ဆန့်ကျင်ဖီဆန်တွန်းလှန်ခဲ့ကြသည်။ စည်းလုံးညီညွတ်မှုသည် အင်အားကိုဖြစ်စေပြီး အောင်ပွဲဆီသို့ မလွဲမသွေရောက်ရှိစေသည်ကိုလည်း သက်သေပြခဲ့ကြသည်။ ယနေ့ မိမိတို့နိုင်ငံတွင် တိုင်းရင်းသား၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ထာဝရငြိမ်းချမ်းရေး၊ ပြည်ထောင်စုနိုင်ငံတော်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့သည် နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သကဲ့သို့ နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် နိုင်ငံသူနိုင်ငံသားအားလုံး၏ စစ်မှန်သောဆန္ဒပင်ဖြစ်ပေရာ ယနေ့တွင်ကျရောက်သည့် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့၏ ဦးတည်ချက်များအတိုင်း တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုအားဖြင့် ဖော်ဆောင်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများ တည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး။
- ★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာ ပြည့်ဝသော ပညာတတ်များ ပေါ်များရေး။
- ★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။
- ★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်း ထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်၊ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံးညီညွတ်စို့။

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၅-၁၁-၂၀၂၄)

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၂၄

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

**အိမ်ပြင်ပဥ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## မိတ္ထီလာမြို့နယ်အတွင်း နို့စားနွားမွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

မိတ္ထီလာ နိုဝင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးတို့သည် ယမန်နေ့က မိတ္ထီလာမြို့နယ်အတွင်း သက်ဆိုင်ရာသမဝါယမအသင်းများက ဆောင်ရွက်လျက်ရှိသည့် နို့စားနွားမွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ (ယာပုံ)



ပန်းတော်ဆက်ကျေးရွာ ပန်းတော်ဆက် နို့စားနွားမွေးမြူရေး သမဝါယမအသင်းနှင့် စက်ပစ်တောင်ကျေးရွာ စက်ပစ်တောင် နို့စားနွားမွေးမြူရေးသမဝါယမအသင်းတို့၏ နို့စားနွားများ မွေးမြူထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ရေချိုကျေးရွာ အောင်မြေသာယာလယ်ယာနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားများ၏ နေကြာနှင့် မိုးနှောင်းဝါစိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း ညွှန်ကြားရေးမှူးဦးထွန်းဇော်ဦးနှင့် တာဝန်ရှိသူတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

**❏ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

❖ *ရှေ့ဖုံးမှ*

**ချစ်ကြည်လေးစားရပါသော မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့ ခင်ဗျား**

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံအတွင်းရှိ ပြည်သူများ၏ လူမှုဘဝမြင့်မားရေး၊ ပြည်ထောင်စုတစ်ဝန်း အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ငြိမ်းချမ်းရေးသည် အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါသည်။ တိုင်းရင်းသားများအချင်းချင်း အပြန်အလှန် လေးစားခြင်း၊ နားလည်စာနာခြင်းတို့ဖြင့် တစ်ဦးနှင့်တစ်ဦးအကြား ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်စေပြီး နားလည်မှုလွဲမှားခြင်းနှင့် ပဋိပက္ခမှုများကို လျှော့ချကာ တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းနိုင်ပါသည်။ ယုံကြည်မှုအပေါ် အခြေခံသောဆက်ဆံရေးသည် စိန်ခေါ်မှုများစွာကို အတူတကွဖြေရှင်းနိုင်ပြီး အဆုံး၌ ပိုမိုသဟဇာတရှိသော အတူတကွ ယှဉ်တွဲနေထိုင်ရေးကို ဦးတည်စေကာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးဖြစ်ထွန်းစေပါသည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းဘဲ လက်နက်ကိုင်၍ ဖြေရှင်းနေမည်ဆိုပါက လွတ်လပ်သော်လည်း မငြိမ်းချမ်းသည့်အခြေအနေကိုသာ ပေါ်ပေါက်စေမည်ဖြစ်ပါသည်။ ထို့အပြင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် အန္တရာယ်ဖြစ်စေမည်ကို သတိထားကြရန် လိုအပ်မည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နှစ်ဖက်ဆွေးနွေးချက်များမှ ရရှိလာသည့် သဘောထားမှတ်ချက်များကို နောင်လာမည့် လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးအတည်ပြုနိုင်ရန် မှတ်တမ်းတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယခုအချိန်သည် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အချင်းချင်း ယုံမှားသံသယကင်းရှင်းပြီး မလိုလားအပ်သည့် အယူဝါဒများ ပယ်ဖျောက်ကာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ယုံကြည်လေးစားချစ်ခင်မှုများဖြင့် ပါဝင်လက်တွဲ၍ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ကြရမည့်အချိန်အခါ ဖြစ်ပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမှ ပေးအပ်ထားသည့် အခွင့်အရေးများကို အသုံးချပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို စည်းလုံးညီညွတ်စွာဖြင့် အကောင်အထည်ဖော်ကြရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော မိဘပြည်သူ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျား**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားများ၏ ဉာဏစွမ်းရည်ကို ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါသည်။ ၎င်းတို့၏ ဉာဏ်ရည်ဉာဏ်သွေးတိုးတက်မှုအတွက် အလေးထားဆောင်ရွက်ခြင်းသည် နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေပါသည်။ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတို့တွင် ကောင်းမွန်သည့် အထောက်အပံ့ကောင်းများ ရရှိနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အဆင့်မြင့်ပညာရပ်များ တတ်ကျွမ်းပြီး အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာရေး အားပေးဆောင်ရွက်လျက်ရှိပါသည်။

အခြေခံအားဖြင့် အတန်းပညာရှိမှသာ အသိပညာနှင့် အတတ်ပညာရရန် လွယ်ကူမည်ဖြစ်ပါသည်။ နိုင်ငံတော်က အားကိုးအားထားပြုရသော ဗလငါးတန်ဖွံ့ဖြိုးပြီး ထူးချွန်ထက်မြက်သည့်လူငယ်များ ပေါ်ထွက်လာစေရန် လူတိုင်းပညာသင်ယူနိုင်မည့် ဘက်စုံပညာရေးစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပညာတတ်လူငယ်များကလည်း စိတ်ကောင်းစေတနာဖြင့် လူမှန်နေရာမှန် တာဝန်ထမ်းဆောင်မည်ဆိုပါက နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည်။ အသိပညာနှင့်အတတ်ပညာ ဟန်ချက်ညီမှသာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတို့တွင် အားသာချက်များဖြစ်ပေါ်စေပြီး ပြည်တွင်းစည်းလုံးညီညွတ်မှုအပေါ် အကျိုးရှိဖြစ်ထွန်းမည် ဖြစ်ပါသည်။

အရည်အသွေးပြည့်ဝပြီး စဉ်းစားတွေးခေါ်မှုအားကောင်းသည့် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးရာတွင် မိဘများနှင့်ဆရာများသည် အခရာဖြစ်ပါသည်။ မိဘများအနေဖြင့် သားသမီးများကို မွေးဖွားသည်မှ လူလားမြောက်သည့်အချိန်ထိ ပညာရေး၊ ကျန်းမာရေး၊ အကျင့်စာရိတ္တ ကောင်းမွန်ရေးနှင့် စည်းကမ်းစနစ်ရှိအောင် သွန်သင်ဆုံးမပေးကြရမည်ဖြစ်ပါသည်။ ဆရာ၊ ဆရာမများအနေဖြင့်လည်း တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်နှင့် ဆရာကောင်းတစ်ဦး ဖြစ်ရမည့်အချက်များနှင့် ကိုက်ညီအောင် ကျင့်ကြံအားထုတ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော၊

❒ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နှစ်ဖက်ဆွေးနွေးချက်များမှ ရရှိလာသည့်သဘောထားမှတ်ချက်များကို နောင်လာမည့် လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးအတည်ပြုနိုင်ရန် မှတ်တမ်းတင်ဆောင်ရွက်နိုင်ခဲ့**

❒ **တွေ့ဆုံဆွေးနွေးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း ဆောင်ရွက်သွားမည်ဖြစ်**

❒ **ယခုအချိန်သည် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအချင်းချင်း ယုံမှားသံသယကင်းရှင်းပြီး မလိုလားအပ်သည့်အယူဝါဒများပယ်ဖျောက်ကာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်လေးစားချစ်ခင်မှုများဖြင့် ပါဝင်လက်တွဲ၍ ထာဝရငြိမ်းချမ်းရေး တည်ဆောက်ကြရမည့်အချိန်အခါဖြစ်**

❒ **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှပေးအပ်ထားသည့် အခွင့်အရေးများကို အသုံးချပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို စည်းလုံးညီညွတ်စွာဖြင့် အကောင်အထည်ဖော်**

စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝသော နိုင်ငံ့အကျိုး ထမ်းသယ်ပိုးမည့် အနာဂတ်နိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာများပေါ်ထွန်းလာရေး လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့ ခင်ဗျား**

နိုင်ငံတော်ကို တည်ဆောက်သူများဖြစ်လာကြမည့် ပညာပြည့်ဝနှလုံးလှသူ လူငယ်လူရွယ်များကို လေ့ကျင့်ပျိုးထောင်ပေးကြရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ခံယူပြီး အလေးအနက်ထားလုပ်ဆောင်ရန် လိုအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေအရွယ် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် အနည်းဆုံး KG+9 ပြီးဆုံးသည်အထိ ကျောင်းတက်ရောက်နိုင်ရေးအတွက် အခမဲ့ပညာရေးစနစ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် ဗလငါးတန်ပြည့်ဝသည့်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်မည့် ဘက်စုံပညာရေးစနစ်တို့ကို အကောင်အထည်ဖော်လျက်ရှိပါသည်။ အဆိုပါရည်မှန်းချက်အတိုင်း ရာနှုန်းပြည့် အောင်မြင်နိုင်ရန်အတွက် မိဘပြည်သူများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအားလုံး ပူးပေါင်းပါဝင်ရေးမှာ အရေးကြီးလှပါသည်။

ပညာရေးဆိုင်ရာ အမျိုးသားရေး လုပ်ငန်းစဉ်ကြီးမှာ တစ်ခဏတာဖြင့် ပြီးမြောက်မည်မဟုတ်သည့်အပြင် တစ်ဦးတစ်ယောက်ကောင်းဆောင်ရွက်ရုံမျှဖြင့် အောင်မြင်နိုင်သည့်လုပ်ငန်းမျိုးမဟုတ်ဘဲ နိုင်ငံသားအားလုံးက အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပါဝင်မှသာ ပြီးမြောက်အောင်မြင်မည် ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရာတွင် စိတ်ရှည်သည်းခံ ဖွဲသန်သန်ဖြင့် စွန့်လွှတ်အပင်ပန်းခံကာ ကြိုးစားမှ အောင်မြင်နိုင်မည်ဖြစ်ရာ နိုင်ငံတော်က ဘက်ပေါင်းစုံမှ အားပေးကူညီထောက်ပံ့လျက်ရှိသကဲ့သို့ တာဝန်ရှိသူအသီးသီးနှင့် ပြည်သူအားလုံးမှ တက်ညီလက်ညီပူးပေါင်းပါဝင်ရန် လိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံ့အနာဂတ်ကောင်းမွန်ရေးမျှော်မှန်းဆောင်ရွက်နေသည့် ပညာရေးကဏ္ဍအဆင့်မြင့်တင်ဆောင်ရွက်နေမှုလုပ်ငန်းများကို အားလုံးက သိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ကြည်လေးစားရပါသော မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့ ခင်ဗျား**

ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းတို့ ဖြစ်ပါသည်။ တိုင်းရင်းသားဒေသများ၌ အကြမ်းဖက်သမားများနှင့် လက်နက်ကိုင်သောင်းကျန်းသူများ၏ လုပ်ဆောင်မှုများကြောင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေလျက်ရှိပါသည်။ ထို့အပြင် ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားမှုအခွင့်အလမ်းများနှင့် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများဆုံးရှုံး၍ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာစေလျက် ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူလူထုအားလုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြရန် အဓိကလိုအပ်ပါသည်။

စားရေရိက္ခာဖူလုံရေးအတွက် မြန်မာတို့၏ မူလစိုက်ပျိုးမွေးမြူရေးသာမက ခေတ်မီနည်းစနစ်များဖြင့် အစာအာဟာရ ထုတ်လုပ်ခြင်းများကိုလည်း တီထွင်ဆောင်ရွက်ကြရန် မဖြစ်မနေလိုအပ်ပါသည်။ သမဝါယမအသင်းများ ဖွဲ့စည်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်များကို အခြေခံသည့်စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ တစ်နိုင်ငံလုံး ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးအနေဖြင့် မိမိတို့ဒေသထွက်ကုန်ကြမ်းများနှင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသောအသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်သွားကြရမည် ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ရာ၌ နိုင်ငံတော်အနေဖြင့်လည်း အရင်းအနှီး၊ နည်းပညာနှင့်အခြားလိုအပ်သည်များကို ထောက်ပံ့အားပေးကူညီလျက်ရှိပါသည်။

ခေတ်အဆက်ဆက်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများအားနည်းပြီး ပြည်ပသွင်းကုန်များ ပိုမိုများပြားခဲ့သည့်အတွက် နိုင်ငံခြားငွေလိုအပ်ချက်များ ဖြစ်ပေါ်ခဲ့ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်ချိန်တွင် သယံဇာတပစ္စည်းထုတ်လုပ်မှုများကို တတ်နိုင်သမျှထိန်းသိမ်းပြီး ပြည်ပသို့ တင်ပို့ခြင်းမပြုလုပ်ဘဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှထွက်ရှိသည့် ထွက်ကုန်များကိုသာ ပိုမိုတင်ပို့ခဲ့ပါသည်။ စီးပွားရေးကောင်းမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်မည်ဖြစ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းသား ပြည်သူအားလုံးက စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေးကို အထူးအလေးပေးဆောင်ရွက်ကြစေလိုပါသည်။ အလားတူ ပြည်ပရောင်းတန်းဝင်သည့် ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားသုံးငွေ လျှော့ချနိုင်ရေးနှင့် ဝင်ငွေပိုမိုရရှိရေး အလေးထားဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ နိုင်ငံ့စီးပွားတိုးတက်မြင့်မားလာမည်ဆိုပါက ပြည်သူတို့၏ လူမှုစီးပွားဘဝများလည်း တိုးတက်လာသကဲ့သို့ နိုင်ငံတော်၏စီးပွားရေး မူဝါဒမျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ညီမျှစွာတိုးတက်လာကြမည် ဖြစ်ပါသည်။

**မိဘပြည်သူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား**

အမျိုးသားနေ့အောင်ပွဲသည် လွတ်လပ်ရေးရောင်ခြည်ဦး၏ အစ၊ အမျိုးသားရေး အရုဏ်ဦးကာလဖြစ်ခဲ့ပြီး အမျိုးသားအောင်ပွဲနေ့ကို အစပျိုးခဲ့သူတို့၏

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

မြင့်မြတ်ကောင်းမွန်မှုကြောင့် အနှောင်းသေချာခဲ့ခြင်း ဖြစ်ပါသည်။ အမျိုးသားအောင်ပွဲနေ့ကြောင့် လွတ်လပ်ရေးပန်းတိုင်ဆီသို့ အရောက်လှမ်းနိုင်သည်အထိ အမျိုးသားရေးစိတ်ဓာတ် မြင့်မားခဲ့ကြသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ကြရပြီဖြစ်ပါသည်။

ဤသို့ ထူးခြားလေးမြတ်လှသည့် အမျိုးသားအောင်ပွဲနေ့ အခါသမယ၌ **"ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့"** ဆိုသည့် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံးက ဘိုးဘွားအမွေအနှစ်ဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းသာယာရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ အရင်းခံပြီး ပြည်ထောင်စုစိတ်ဓာတ်နှင့် တစ်စိတ်တစ်ဝမ်းတည်းသော အမျိုးသားရေးအားမာန်များဖြင့် တက်ကုန်ဖွင့်၍ ဘက်စုံပေါင်းစုပါဝင်ကြပါရန် အလေးအနက်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

နိဂုံးချုပ်အားဖြင့် ယခုနှစ် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များဖြစ်သည့် -

- တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများ တည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး၊
- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး၊
- ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပေးရေး၊
- တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး စသည့်ဦးတည်ချက်များအောင်မြင်ရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို ဝိုင်းဝန်းတည်ဆောက်သွားကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ကြည့်ရှုလေ့လာပြီး စာဆိုဗိမာန်အဆောက်အဦတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၂၄**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ကြည့်ရှုလေ့လာပြီး စာဆိုဗိမာန် အဆောက်အဦ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရန်ကုန်မြို့ သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်များ၏ အဓိပတိ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် ဘဒ္ဒန္တ ဉာဏိဿရအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရှိ Seminar Hall နှင့် မျက်စိခွဲစိတ်ခန်းတို့ကို ကြည့်ရှုလေ့လာပြီး သီတဂူမျက်စိဆေးရုံတွင် လာရောက်ကုသကြသည့် မျက်စိဝေဒနာရှင်များကို ကြည့်ရှုအားပေးသည်။

ယင်းနောက် မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းခေါင်လမ်းရှိစာဆိုဗိမာန်အဆောက်အဦ တည်ဆောက်မှု လုပ်ငန်းခွင်သို့ ရောက်ရှိရာ Myanmar Land & Development Ltd; မှ စီမံကိန်းဒါရိုက်တာက စာဆိုဗိမာန် အဆောက်အဦ တည်ဆောက်မှုပုံစံ၊ မြေတူးလုပ်ငန်း၊ မြေနေရာ ရှင်းလင်းမှုနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှု မှတ်တမ်းတို့ကို ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ဝင်များ စာဆိုဗိမာန်အဆောက်အဦတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်အဆောက်အဦသည် အိန္ဒိယနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး အိန္ဒိယ - မြန်မာနှစ်နိုင်ငံချစ်ကြည်ရေး၏ အမျိုးသားယဉ်ကျေးမှုနှင့် စာပေကဏ္ဍတွင် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ကျန်ရစ်စေမည် ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် အနေဖြင့် စာဆိုဗိမာန်အဆောက်အဦ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို တက်ရောက်ချီးမြှင့်ခဲ့ပြီး လမ်းညွှန်မှုများနှင့်အညီ အရည်အသွေးကောင်းကောင်းဖြင့် တည်ဆောက်သွားရန် အလေးထား တိုက်တွန်းလိုကြောင်း မှာကြားသည်။

ထို့နောက် စာဆိုဗိမာန် အဆောက်အဦ၏ 3D နမူနာပုံစံကို ကြည့်ရှုလေ့လာပြီး လုပ်ငန်းခွင်အတွင်း တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

စာဆိုဗိမာန် အဆောက်အဦကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ မြေကွက်အမှတ်(၂၉) မြေတိုင်းရပ်ကွက် (၁၈-အေ) မြေဧက ၂ ဒသမ ၁၈ ဧကပေါ်တွင် နှစ်နှစ်စီမံကိန်းအဖြစ် ဆောင်ရွက်လျက်ရှိပြီး အဆောက်အဦအကျယ်အဝန်းမှာ အလျား ပေ ၁၆၀ x အနံ ပေ ၁၄၀x အမြင့် ၅၇ ပေ ၈ လက်မ သုံးထပ်(RC) အဆောက်အဦဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

Aquarius ကုမ္ပဏီများ အုပ်စုတို့က ပေးပို့သည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများတင်ဆောင်လာသည့် သယ်ယူပို့ဆောင်ရေးလေယာဉ်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိသည်။

အဆိုပါ လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို နေပြည်တော်လေဆိပ်၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာ - ရုရှား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးအောင်သော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Iskander Azizov နှင့် ရုရှားနိုင်ငံမှ အလှူရှင်အဖွဲ့အစည်းများကိုယ်စား တာဝန်ရှိသူတစ်ဦးတို့က လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီး ဦးစိုးကြည် က လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။




မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Iskander Azizov က လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားစဉ်။

ရေဘေးသင့် ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးဌာနများနှင့် ကုမ္ပဏီများက လူသားချင်း စာနာထောက်ထားမှု အကူအညီပစ္စည်းများ စုစုပေါင်း တန်ချိန် ၃၅ တန်ခန့် ပါဝင်ပြီး ရေဘေးသင့်ဒေသများသို့အမြန်ဆုံး ခွဲဝေပို့ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေကြောင့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၂၄**

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၁၉၂ / ၂၀၂၄

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်

( ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့**

**သူရဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီး | ဝဏ္ဏလှိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူးကြီး | သက်ထွန်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်မှူး | မျိုးကိုကိုထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်မှူး | အောင်ဆန်းဦး | ကာကွယ်ရေးဝန်ကြီးဌာန |

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**

**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးချုပ် | မျိုးရွှေ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူးချုပ် | တင့်နိုင်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်မှူးကြီး | ဇော်မင်းထက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်မှူးကြီး | ကြည်ရွှင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ်မှူးကြီး | ဆန်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဗိုလ်မှူးကြီး | သန့်စင်ဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဒုတိယဗိုလ်မှူးကြီး | အောင်ဇော်လင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဒုတိယဗိုလ်မှူးကြီး | ဧယျာထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဒုတိယဗိုလ်မှူးကြီး | ကျော်ဇင်ဖြိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | ဒုတိယဗိုလ်မှူးကြီး | သန့်ဇင်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | ဒုတိယဗိုလ်မှူးကြီး | ငြိမ်းချမ်းကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဒုတိယဗိုလ်မှူးကြီး | သူရိန်ကိုကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဒုတိယဗိုလ်မှူးကြီး | သန့်ဇင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄။ | ဒုတိယဗိုလ်မှူးကြီး | မိုးစည်သူကြိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ | ဗိုလ်မှူး | ဇော်ဇော်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | ဗိုလ်မှူး | ထက်မြတ်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ဗိုလ်မှူး | ရဲလင်းထက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၈။ | ဗိုလ်မှူး | ဇာနည်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၉။ | ဗိုလ်မှူး | နိုင်လင်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၀။ | ဗိုလ်မှူး | မင်းမင်းဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၁။ | ဗိုလ်မှူး | ချမ်းမြေ့ကိုကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၂။ | ဗိုလ်ကြီး | ဇော်ဝင်းထိုက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ | ဗိုလ်ကြီး | သက်နိုင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၄။ | ၇၄၆၇၄၁ | တပ်ကြပ်ကြီး မြလှိုင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ | တတ-၁၃၃၇၆၀ | ဒုတိယတပ်ကြပ် နေသူရဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ | ဒေါ်အေးယဉ် | | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်များ**

**ရဲသူရတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ယာယီဒုတိယရဲမှူးကြီး | မင်းသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | ဒုတိယရဲမှူး | သန့်ဇော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ | ဒုတိယရဲမှူး | ဖြိုးဖြိုးဆွေ(ခ)မိုးဟိန်းကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄။ | ရဲအုပ် | ရဲအောင်ဗိုလ် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅။ | ဒုတိယရဲအုပ် | မင်းရဲထက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆။ | မ ၂၀၁၆၄ | ဒုတိယမီးသတ်ဦးစီးမှူး ဦးသီဟအောင် | မီးသတ်ဦးစီးဌာန |
| ၇။ | မ ၂၉၇၆၃ | မီးသတ်တပ်ကြပ်ကြီး ငြိမ်းချမ်းအောင် | မီးသတ်ဦးစီးဌာန |

**ရဲဗလတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယရဲမှူးကြီး | ကျော်သူရ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | ရဲမှူး | ဇာနည်မောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ | ရဲမှူး | ချမ်းမြေ့ထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄။ | ဗိုလ်ကြီး | မောင်ငွေ (ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဒုတိယရဲမှူး | ဖြိုးဝေအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆။ | ဒုတိယရဲမှူး | ချစ်ဇော်ဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇။ | ဒုတိယရဲမှူး | တူးကိုကို | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈။ | ဒုတိယရဲမှူး | ဝင်းဇော်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉။ | ရဲအုပ် | ရှိန်းသူလွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၀။ | ရဲအုပ် | ကျော်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၁။ | ဒုတိယရဲအုပ် | တင်လင်းနိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၂။ | ဒုတိယရဲအုပ် | ထွန်းလင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၃။ | လ ၁၅၃၅၆၂ | ရဲအရာခံ ကျော်ဆန်းဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၄။ | မ ၂၅၂၈၅ | ဒုတိယမီးသတ်ဦးစီးမှူး ဦးမျိုးမင်းထွဋ် | မီးသတ်ဦးစီးဌာန |
| ၁၅။ | ဦးရဲထွန်းဦး | ရေယာဉ်အုပ်(၃) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | မ ၃၂၁၀၈ | လက်ထောက်မီးသတ်ဦးစီးမှူး ဘရန်ဆိုင်းအောင် | မီးသတ်ဦးစီးဌာန |
| ၁၇။ | လ ၂၇၆၄၁၅ | ရဲတပ်ကြပ် အောင်မျိုးသက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၈။ | လ ၂၆၃၆၀၈ | ရဲဒုတိယတပ်ကြပ် မျိုးသန့်ကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၉။ | လ ၂၇၄၃၄၅ | ရဲဒုတိယတပ်ကြပ် အောင်ဇေဖြိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၀။ | လ ၂၇၈၈၁၀ | ရဲဒုတိယတပ်ကြပ် နေနိုင်းဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၁။ | လ ၂၈၀၄၈၄ | ရဲဒုတိယတပ်ကြပ် ကျော်ရဲအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၂။ | လ ၂၈၁၉၆၄ | ရဲဒုတိယတပ်ကြပ် အောင်မိုးသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၃။ | လ ၂၉၀၀၃၂ | ရဲဒုတိယတပ်ကြပ် မျိုးသန့်ဇင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၄။ | မောင်ဇော်ဝင်းမြင့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ | မောင်ချစ်ဖူးမောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ | ဦးခင်မောင်အေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၇။ | မောင်လှိုင်ဝဏ္ဏ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၈။ | မောင်ရဲရင့်နိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၉။ | မောင်အောင်ဖြိုးဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၀။ | မောင်သန်းတင်ဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၁။ | မောင်ကျော်ရဲထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၂။ | မောင်မင်းစိုးပိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၃။ | မောင်သန်းထွန်းအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၄။ | ဦးပြည့်စုံထွန်း | | ကယားပြည်နယ် |
| ၃၅။ | ဦးညွန့်ခိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၆။ | ဦးဇော်မင်းထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၇။ | ဦးကျော်မိုးနိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၈။ | ဦးမြင့်ထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၉။ | ဦးသက်ဖြိုးပိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၀။ | ဦးဝင်းခိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၁။ | ဦးအောင်နိုင်ဝင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၂။ | ဦးပြည့်ဖြိုးကျော် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၃။ | ဦးမြင့်ရွှေ | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၄။ | ဦးအောင်လင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၅။ | ဦးမှတ်ကြီး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၆။ | ဦးဇော်ဦး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၇။ | ဦးအောင်ကျော်ဇော | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၈။ | ဦးပြည့်စုံလင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၉။ | ဦးချစ်ကိုကို | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၀။ | ဦးယုနော်င် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၁။ | ဦးသန်းဇော် | | တနင်္သာရီတိုင်းဒေသကြီး |
| ၅၂။ | ဦးကြီးလှ | | တနင်္သာရီတိုင်းဒေသကြီး |
| ၅၃။ | ဦးဝင်းငွေ | | မကွေးတိုင်းဒေသကြီး |
| ၅၄။ | ဦးအောင်ဘို | | မကွေးတိုင်းဒေသကြီး |
| ၅၅။ | ဦးဝင်းဆွေ | | မန္တလေးတိုင်းဒေသကြီး |
| ၅၆။ | ဦးအောင်စိုးစိုး | | မန္တလေးတိုင်းဒေသကြီး |
| ၅၇။ | ဦးအေးနိုင် | | မန္တလေးတိုင်းဒေသကြီး |
| ၅၈။ | ဦးစန်းယု | | မန္တလေးတိုင်းဒေသကြီး |
| ၅၉။ | ဦးနိုင်နိုင်ထွန်း | | မန္တလေးတိုင်းဒေသကြီး |
| ၆၀။ | ဦးအောင်မြတ်ဦး | | မွန်ပြည်နယ် |
| ၆၁။ | ဦးလှမျိုး | | ရန်ကုန်တိုင်းဒေသကြီး |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# စိုက်ပျိုးရေးထွက်ကုန်အစားအစာများ ဘေးဥပဒ်ကင်းရှင်းစေရေးအတွက် ပိုးသတ်ဆေးဓာတ်ကြွင်းများ စစ်ဆေးမှုဆိုင်ရာနည်းပညာသင်တန်းဖွင့်လှစ်



ရန်ကုန် နိုဝင်ဘာ ၂၄

စိုက်ပျိုးရေးထွက်ကုန် အစားအစာများ ဘေးဥပဒ်ကင်းရှင်းစေရေးအတွက် ပိုးသတ်ဆေးဓာတ်ကြွင်းများ စစ်ဆေးမှုဆိုင်ရာနည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ISO 9001 နှင့် 17025 လက်မှတ်ရစိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးရေးဓာတ်ခွဲခန်း (APAL) ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းတာဝန်ခံနှင့် သင်တန်းသား ၂၀ တို့ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များ ပြည်တွင်းရောင်းချမှုနှင့် ပြည်ပတင်ပို့မှုများတွင် အဓိက ကြုံတွေ့နေရသော ကြီးမားသောအခက်အခဲမှာ ပိုးသတ်ဆေးဓာတ်ကြွင်း သတ်မှတ်ပမာဏထက် ပါဝင်မှုများပြားနေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ၌ ပိုးသတ်ဆေးများကို လိုအပ်သည်ထက် များပြားစွာ အသုံးပြုနေကြပြီး အချို့သော အခြေအနေများတွင် သီးနှံများ၌ ကျန်ရှိနေသည့် ပိုးသတ်ဆေးဓာတ်ကြွင်းများသည် စားသုံးသူများအတွက် အန္တရာယ်ဖြစ်စေနိုင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှ ထုတ်လုပ်သော အစားအသောက်များတွင် ဓာတ်ကြွင်းပါဝင်မှုကို စံချိန်စံညွှန်းနှင့် ကိုက်ညီစေရန် လုပ်ငန်းစဉ်များ တိုးတက်မြှင့်တင်ဆောင်ရွက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးခြင်းဖြင့် မြန်မာ့စိုက်ပျိုးရေး ထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုကို လျှော့နည်းစေရန် များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ သင်တန်းသူ သင်တန်းသားများအနေဖြင့် သင်တန်းက သင်ကြားပို့ချမှုများကို ဂရုတစိုက်လေ့လာမှတ်သားကြကာ မိမိတို့၏လုပ်ငန်းခွင်များ၌ ပြန်လည်အသုံးချပြီး မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပတင်ပို့ရာတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်၍ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးရေး ဓာတ်ခွဲခန်း (APAL) ၏ ISO 17025 လက်မှတ်ရရှိခဲ့မှုကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ စားသုံးသူရေးရာ ဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိကြကြောင်း၊ သင်တန်းတွင် ပြည်ပတင်ပို့မည့် စိုက်ပျိုးရေးထွက်ကုန် အစားအစာများ ဘေးဥပဒ်ကင်းရှင်းစေရေးအတွက် ပိုးသတ်ဆေးဓာတ်ကြွင်း စစ်ဆေးမှုဆိုင်ရာ နည်းပညာများကို နိုဝင်ဘာ ၂၄ ရက် မှ ၂၈ ရက်အထိ ငါးရက်ကြာ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအေးကျော် ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောခရိုင်အတွင်းရှိ ဟဲဟိုးမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ဟဲဟိုးဓာတ်အားခွဲရုံကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၂၄

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် နိုဝင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင်အတွင်းရှိ ဟဲဟိုးမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ဟဲဟိုး ဓာတ်အားခွဲရုံသို့ ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဦးစွာ ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ဟဲဟိုးမြို့ ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ဟဲဟိုးဓာတ်အားခွဲရုံသို့ ရောက်ရှိစစ်ဆေးပြီး ယခုနှစ် စက်တင်ဘာလမှစတင်၍ ဓာတ်အားခနှုန်းထားများ တိုးမြှင့်သတ်မှတ်ခဲ့ရာ မီတာသုံးစွဲမှု ယူနစ်အတွက် လျှပ်စစ်ဓာတ်အားခများ မှန်ကန်စွာကောက်ခံနိုင်ရေး စနစ်တကျဆောင်ရွက်သွားကြရန်၊ တရားမဝင် ဓာတ်အားသုံးစွဲမှုများ မရှိစေရေးစစ်ဆေးဖော်ထုတ်ဆောင်ရွက်သွားရန်၊ ဓာတ်အားခများကို အလွဲသုံးစားမှုများ မရှိစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်တာဝန်ရှိသူများအနေဖြင့် ဓာတ်အားခများ နေ့စဉ်ကောက်ခံရရှိမှု/ အပ်နှံမှု စစ်ဆေး မှတ်တမ်းတင်ရန်နှင့် ဓာတ်အား ပျောက်ဆုံးမှုများ လျှော့နည်းရေးအတွက် ရပ်/ပျက်/ နေးမီတာများ သေချာစွာစစ်ဆေးလဲလှယ်ရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ငွေလက်ခံကောင်တာဖွင့်လှစ်၍ ကွန်ပျူတာစနစ်ဖြင့် ဓာတ်အားခကောက်ခံနေမှု၊ နေ့စဉ်ဓာတ်အားခကောက်ခံငွေများအား စာရင်းများစနစ်တကျ ဖြည့်သွင်း၍ တာဝန်ရှိသူများက ကြီးကြပ်စစ်ဆေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဟဲဟိုးမြို့ လျှပ်စစ်အင်ဂျင်နီယာ ရုံးဝင်းအတွင်း သောကြာနေ့တိုင်း ရုံးဝန်ထမ်းများစုပေါင်း၍ သန့်ရှင်းရေးပြုလုပ်နေမှုများကိုကြည့်ရှုအားပေးကာ ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပညာရေးဒီဂရီကောလိပ်(ဘားအံ)၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်တားဆီးရေး အသိပညာပေး

ဘားအံ နိုဝင်ဘာ ၂၄

ကရင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ဘားအံပညာရေး ဒီဂရီကောလိပ်တို့ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေး အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၂ ရက်က ဘားအံပညာရေးဒီဂရီကောလိပ် သီရိခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမော်နိုင်ထွန်း၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးသူရ၊ ဘားအံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းတို့က သဘာဝဘေးအန္တရာယ်၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်၊ အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝအခြေပြုဘေးအန္တရာယ်လျှော့ပါးစေရေး စသည့်ခေါင်းစဉ်များဖြင့် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**




## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ ဆက်လက်ကျင်းပ

## အုပ်စု(အေနှင့်ဘီ)မှ ကျောက်စိမ်းအတွဲပေါင်း ၁၈၂၃ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၄**

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်းပြည်ပ ရတနာကုန်သည်များသည် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် အုပ်စု (စီ)မှ ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

**ကျောက်စိမ်းအတွဲပေါင်း ၅၉၅ တွဲ ရောင်းချခဲ့ရ**

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ် (၁၇၀၁) မှ (၂၅၅၉) အထိ ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးရာ ကျောက်စိမ်းအတွဲပေါင်း ၅၉၅ တွဲ ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့်အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများအား ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးနေမှုနှင့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများ ဖွင့်ဖောက်စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြပွဲအဋ္ဌမနေ့တွင် ရောင်းချမည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲအမှတ် (၂၅၆၀)မှ(၃၃၀၉) အထိကို ပြည်တွင်းရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။ အဆိုပါ ဈေးနှုန်း တင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများစာရင်းကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် အုပ်စု(အေ၊ ဘီ နှင့် စီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ ကို နေ့ရက်အလိုက် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ အုပ်စု(အေနှင့်ဘီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၂၅၅၉ အနက်မှ ကျောက်စိမ်းအတွဲပေါင်း ၁၈၂၃ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ရောင်းချနိုင်ခဲ့သည်။

**ဆက်လက်ရောင်းချပေးသွားမည်**

အလားတူ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန် ရည်ရွယ်၍ ရောင်းချပေးခြင်းဖြစ်ကာ ပြည်တွင်းရတနာကုန်သည်များသာဝယ်ယူခွင့်ရှိပြီး ကြမ်းခင်းဈေးကို ကျပ်ငွေဖြင့် သတ်မှတ်ထားကာ ငွေပေးချေရာတွင် ကျပ်ငွေဖြင့်သာ ပေးချေဝယ်ယူရမည်ဖြစ်သည်။ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ပြည်တွင်းရတနာကုန်သည်များအား ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



တာဝန်ရှိသူများက ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများ ဖွင့်ဖောက်စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အသည်းအစားထိုးခွဲစိတ်မှု အောင်မြင်စွာခံယူထားသောလူနာများ ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၂၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယမန်နေ့ နံနက်ပိုင်းက အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်၌ အသည်းအစားထိုးခွဲစိတ်ကုသမှု အောင်မြင်စွာ ဆောင်ရွက်ထားရှိသည့် အသည်းလူနာများနှင့် အသည်းအလှူရှင်များကို ကြည့်ရှုအားပေးစကား ပြောကြားကာ အစားအသောက်လက်ဆောင်ခြင်းများ ပေးအပ်သည်။ **(ယာပုံ)**



အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်၌ နိုဝင်ဘာ ၇ ရက်တွင် (၃၆) ကြိမ်မြောက်အဖြစ် မိုးကုတ်မြို့နေ ၄၉ နှစ်အရွယ် အသည်းလူနာ အမျိုးသားနှင့် အသည်းအလှူရှင် မောင်နှမဝမ်းကွဲ တော်စပ်သူ အသက် ၄၃ နှစ်အရွယ် အမျိုးသမီးအတွဲကို လည်းကောင်း၊ နိုဝင်ဘာ ၈ ရက်တွင် (၃၇) ကြိမ်မြောက်အဖြစ် ဟားခါးမြို့နေအသက် ၆၀ အရွယ် အသည်းလူနာ အမျိုးသမီးနှင့် သမီးတော်စပ်သူ အသည်းအလှူရှင် အသက် ၂၅ နှစ်အရွယ် အမျိုးသမီး အတွဲကို လည်းကောင်း အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့သည်။ ယခုအခါ အဆိုပါအသည်းအလှူရှင်များမှာ ကျန်းမာရေးကောင်းမွန်သဖြင့် ဆေးရုံမှ ဆင်းခွင့်ရရှိခဲ့ပြီး အသည်းလက်ခံထားရှိသည့် လူနာများသည်လည်း ကျန်းမာရေးတိုးတက်ကောင်းမွန်လျက်ရှိသဖြင့် အသည်းအစားထိုးခွဲစိတ်ကုသမှု ခံယူထားသည့် လူနာများကို နိုဝင်ဘာ ၂၄ ရက်တွင် ဆေးရုံဆင်းခွင့်ပြုပြီးဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန် ခြောက်ထပ်ဆောင် အစည်းအဝေးခန်းမ၌ အသည်းအစားထိုးခွဲစိတ်မှုတွင် ပါဝင်ခဲ့သော လုပ်ငန်းအဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ပုံမှန်ဆောင်ရွက်နေပြီဖြစ်သည့် ကျောက်ကပ်အစားထိုးခွဲစိတ်မှုများတွင် ပါဝင်သည့်တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု/အသည်းအစားထိုးခွဲစိတ်ကုသမှုများ စနစ်တကျ ဆက်လက်ဆောင်ရွက်နိုင်ရေးမှာကြားကာ ပြည်တွင်း၌ အသည်းအစားထိုးနှင့် ကျောက်ကပ်အစားထိုး ခွဲစိတ်မှုများကို ပြုလုပ်ပေးခြင်းအားဖြင့် ရောဂါခံစားနေရသည့် ပြည်သူများနှင့် ၎င်းတို့၏မိသားစုများ အနေဖြင့် ပြည်ပသို့ သွားရောက်ကုသရမည့် ကုန်ကျစရိတ်များ သက်သာစေခြင်း၊ ပြည်သူ့ဆေးရုံများတွင် ဝန်ဆောင်မှု ပိုမိုတိုးတက်ကောင်းမွန်စေခြင်းနှင့် ပြည်သူတစ်ဦးချင်းစီ စိုက်ထုတ်သုံးစွဲရငွေ လျော့ကျစေမည်ဖြစ်ခြင်းတို့ကြောင့် အရှိန်အဟုန်မပျက် ပုံမှန်ဆက်လက်ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် (၂၄)ကြိမ်မြောက် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်နေမှုကြည့်ရှုအားပေး

**ပဲခူး နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် (၂၄) ကြိမ်မြောက် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါ ကုဆေးရုံကြီးတွင် ကျန်းမာရေး စောင့်ရှောက်မှု လာရောက်ခံယူကြသည့်အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုခဲ့ပြီး အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားသည်။**(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လစဉ်အငြိမ်းစားနိုင်ငံဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးဝါးတစ်လစာ အခမဲ့ထောက်ပံ့ပေးခြင်း နှစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအတွက် တစ်ဦးလျှင် စားအုန်းဆီ ၅၀ ကျပ်သား ထောက်ပံ့ပေးအပ်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် လစဉ် တိုင်းဒေသကြီးအတွင်း မြို့နယ် (၂၈) မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေးစောင့်ရှောက်မှု စစ်ဆေးပေးခြင်း၊ လူနာတစ်ဦးလျှင် အခမဲ့ဆေးဝါး တစ်လစာ လစဉ်ထောက်ပံ့ပေးခြင်း၊ အခြေခံစားသုံးကုန်များအား သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ပဲခူးတိုင်းဒေသကြီး အတွင်း၌ စုစုပေါင်းအငြိမ်းစား နိုင်ငံဝန်ထမ်း ၉၃၀၀၀ ကျော်ရှိပြီး ပဲခူးမြို့နယ်အတွင်း၌ အငြိမ်းစား နိုင်ငံ့ဝန်ထမ်း ၁၂၀၀၀ ကျော် နေထိုင်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံနှလုံးရောဂါပညာဆိုင်ရာညီလာခံ ဒုတိယနေ့ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ နှလုံးရောဂါပညာဆိုင်ရာညီလာခံ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ဟောပြောပွဲခြောက်ခုဆောင်ရွက်ကြသည်။

ဟောပြောပွဲတွင် ပြည်တွင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ဗြိတိန်နိုင်ငံများမှ နှလုံးရောဂါဆေးပညာရှင်များက နှလုံးသွေးကြောရောဂါ မဖြစ်မီကြိုတင်ကာကွယ်ပုံ၊ နှလုံးသွေးကြောကျဉ်းရောဂါ စမ်းသပ်စစ်ဆေးခြင်းနည်းလမ်းများ၊ နှလုံးသွေးကြောကျဉ်းရောဂါ ကုသနည်းများ၊ သွေးတိုးရောဂါ၏ နောက်ဆုံးပေါ် ခေတ်မီကုသနည်းများ၊ နှလုံးစက်တပ်ကုသခြင်း၏ တိုးတက်လာပုံအဆင့်ဆင့်၊ ဉာဏ်ရည်တု (Artificial Intelligence–AI) နည်းပညာရပ်ကို နှလုံးလျှပ်စီးပတ်လမ်းကြောင်း ဖြတ်တောက်ကုသခြင်းတွင် အသုံးပြုပုံ၊ နှလုံးစည်းချက်မမှန်သော ရောဂါကို လျှပ်စီးပတ်လမ်းကြောင်း ဖြတ်တောက်ကုသခြင်းနှင့် နှလုံးသွေးကြောမကြီး ရောဂါကုသနည်းများကို တင်ပြဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသည့် မြန်မာနိုင်ငံမှ အထွေထွေရောဂါကုဆရာဝန်များ၊ ဆေးညာရှင်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြကာ မြန်မာနှလုံးရောဂါပညာရပ်ဆိုင်ရာ ပညာရှင်များနှင့်အတူ အတွေ့အကြုံဖလှယ်ခြင်း၊ လက်တွေ့ကုသမှု အတွေ့အကြုံများမျှဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ညနေပိုင်းတွင် ညီလာခံ အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## PDF Game

## ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် နေပြည်တော်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အားကစားသမားများ တည်းခိုနေထိုင်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၄

**၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တည်းခိုရေးစခန်းသို့ သွားရောက်ကာ အမျိုးသားအားကစားပွဲတော်တွင် ပြိုင်ပွဲဝင်ရန် ရောက်ရှိလာကြသည့် နေပြည်တော်ကိုယ်စားပြု အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများကို ကြိုဆိုနှုတ်ဆက်သည်။**

ယင်းနောက် ဒုတိယဝန်ကြီးသည် ပြိုင်ပွဲဝင်အားကစားသမားများ တည်းခိုနေထိုင်ရန် နေရာချထားသည့် အိပ်ဆောင်များသို့ သွားရောက်ကာ အားကစားသမားများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးပြီး တည်းခိုနေထိုင်စဉ် သတ်မှတ်ထားသော အိပ်ဆောင်စည်းမျဉ်း/ စည်းကမ်းများအတိုင်း စနစ်တကျတည်းခိုနေထိုင်ကြရန်၊ အားကစားပြိုင်ပွဲများ အောင်နိုင်ရေးကိုသာ ဦးစားပေးကြိုးစားကြရန်၊ တာဝန်ရှိသူများကလည်း အိပ်ရာနှင့် အသုံးအဆောင်ပစ္စည်းများကို လုံလောက်မှုရှိအောင် ထုတ်ပေးကြရန် မှာကြားသည်။

ထို့နောက် စားရိပ်သာများသို့ သွားရောက်ပြီး စားရိပ်သာ အတွင်း၊ အပြင် သန့်ရှင်းသပ်ရပ်မှုရှိရေး၊ လုံခြုံရေးစနစ်တကျထားရှိရေး၊ ချက်ပြုတ်ကျွေးမွေးမည့် အစားအစာကုန်ကြမ်းများ ဂိုဒေါင်များ၌ စနစ်တကျသိုလှောင်ထားရှိရေးနှင့် အရည်အသွေးကောင်းမွန်မှုရှိရေး၊ သန့်ရှင်းသောသုံးရေများ စနစ်တကျစီမံထားရှိရေး၊ ဧည့်ခံကျွေးမွေးမည့် အသုံးအဆောင်ပစ္စည်းများကို စနစ်တကျထားသိုသိမ်းဆည်းရေးနှင့် သန့်ရှင်းစင်ကြယ်မှုရှိအောင် ပြင်ဆင်ကြရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တည်းခိုဆောင်များ၌ လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပေါ်လာပါက အရေးပေါ်အရန်မီးစက်ဖြင့် လျှပ်စစ်မီးရရှိရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ သောက်သုံးရေနှင့် ဧည့်ခံကျွေးမွေးရေးပစ္စည်းများ၊ အစားအစာကုန်ကြမ်းများ သိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**









❍ *ကျောဖုံးမှ*

မန်စီးတီးအသင်းသည် ယခုပွဲစဉ်မတိုင်မီ နှစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့သော နည်းပြ ပက်ဂွါဒီယိုလာလက်ထက် ပထမဆုံးအကြိမ် ပရီမီယာလိဂ်သုံးပွဲဆက် ရှုံးနိမ့်မှုအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ ဂွါဒီယိုလာ၏ မန်စီးတီးအသင်းသည် စပါးအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ပွဲချိန်အများစုတွင် သိသိသာသာ ဖိအားပေးကစားနိုင်ခဲ့သော်လည်း အသင်းကစားသမားများ၏ အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ပြိုင်ဘက် စပါးအသင်းက တန်ပြန် ထိုးဖောက်တိုက်စစ်ဆင်မှုများမှတစ်ဆင့် ရရှိလာသည့် အခွင့်အရေးကို အမိအရအသုံးချကာ သွင်းဂိုးများအဖြစ်ပြောင်းလဲနိုင်ခဲ့သည့်အတွက် ဂိုးပြတ်နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။ စပါးအသင်းအတွက် သွင်းဂိုးများကို မက်ဒီဆင်၊ ပေါ်ရိုနှင့် ဂျွန်ဆင်တို့က သွင်းယူပေးနိုင်ခဲ့သည်။ ယခုအနိုင်ပွဲကြောင့် စပါးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ် ပွဲစဉ် (၁၂) အပြီးတွင် ရမှတ် ၁၉ မှတ် ရရှိလာပြီ ဖြစ်သည်။

ပြိုင်ဘက် မန်စီးတီးအသင်းက ယခုပွဲစဉ်ရှုံးနိမ့်ခဲ့သော်လည်း ရမှတ် ၂၃ မှတ်ဖြင့် အဆင့် ၂ နေရာတွင် ဆက်လက်ရပ်တည်နေသည်။ မန်စီးတီးအသင်းသည် လာမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် အမှတ်ပေးဇယား ဦးဆောင်နေသည့် လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

## MNL ယူ-၂၀ ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက် ဂိုးပြတ်သွင်းပြီး ဒဂုံစတားနှင့် သစ္စာအားမာန် အမှတ်ပြည့်ရရှိ

ရန်ကုန် နိုဝင်ဘာ ၂၄

၂၀၂၄ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၅) ဒုတိယနေ့ကို နိုဝင်ဘာ ၂၄ ရက်က ဆက်လက်ကျင်းပရာ ဒဂုံစတားယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်နှင့် သစ္စာအားမာန်အသင်းတို့ အနိုင်ရရှိသည်။

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရှောဝတီယူနိုက်တက်အသင်းကို ကိုးဂိုးပြတ်အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ဂိုးပြတ်နိုင်ပွဲနှင့်အတူ နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၁၁ မိနစ်တွင် ရဲဝင်းအောင်၊ ၃၉၊ ၅၆၊ ၆၉ မိနစ်တွင် လမင်းပြည့်စုံ၊ ၆၄၊ ၆၇ မိနစ်တွင် ကောင်းခန့်ကျော်၊ ၈၄၊ ၈၉ မိနစ်တွင် မင်းသူနှင့် ၈၇ မိနစ်တွင် နိုင်ကိုတို့က သွင်းယူသည်။

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက ရှမ်းယူနိုက်တက်အသင်းကို သုံးဂိုး - နှစ်ဂိုးဖြင့် လည်းကောင်း၊ စလင်းကွင်း၌ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက Dagon Port အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရခဲ့သည်။

ပွဲစဉ် (၂၅) ဒုတိယနေ့ကို နိုဝင်ဘာ ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး စလင်းကွင်း၌ ဟံသာဝတီယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက်၊ တောင်ဒဂုံကွင်း၌ မဟာယူနိုက်တက်နှင့် Junior Lions၊ ပဒုမ္မာကွင်း၌ အား/ကာသိပ္ပံနှင့် မြဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## MNL ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲရယူပြီး ရှုံးပွဲမရှိစံချိန်သစ် ပိုင်ဆိုင်

ရန်ကုန် နိုဝင်ဘာ ၂၄

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၄) နောက်ဆုံးနေ့ကို နိုဝင်ဘာ ၁၄ ရက်က ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ရှုံးပွဲမရှိစံချိန်သစ် ပိုင်ဆိုင်ခဲ့သည်။

တောင်ကြီးကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရတနာပုံအသင်းကို နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရသဖြင့် လိဂ်ပွဲ ၇၀ ဆက်တိုက် ရှုံးပွဲမရှိစံချိန် ပိုင်ဆိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုနောက်ပိုင်းနှစ်များတွင် အောင်မြင်မှုများစွာ ရယူနိုင်သလို စံချိန်ကောင်းများလည်း တစ်ခုပြီးတစ်ခု ပိုင်ဆိုင်နေခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ရှုံးပွဲမရှိစံချိန်ကို ၂၀၂၀ ရာသီကတည်းက ပိုင်ဆိုင်ခဲ့ပြီး ယခုရာသီပွဲစဉ် (၁၄) အပြီးတွင် ပွဲ ၇၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် ဂိုးသွင်းခွင့်များ ရရှိသော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ပထမပိုင်းပြီးခါနီးမှ အဖွင့်ဂိုးရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုးကို ဟိန်းဖြိုးဝင်း၏ ဖြတ်တင်ဘောမှတစ်ဆင့် ရဲရင့်အောင်က ခေါင်းတိုက်ပြီး သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းကကစားသမားများပြောင်းလဲကာ အနိုင်ရလဒ်ကို ထိန်းကစားနိုင်ရန် ကြိုးပမ်းခဲ့ပြီး အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၈၃ မိနစ်တွင် မြတ်ကောင်းခန့်က သွင်းယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက မြဝတီအသင်းကို နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ် (၁၄) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၄၀ ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၃၄ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၃၃ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၂၉ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၃ မှတ်၊ မဟာယူနိုက်တက်နှင့် ရတနာပုံအသင်းတို့က ၁၉ မှတ်စီ၊ Dagon Port အသင်းက ၁၂ မှတ်၊ သစ္စာအားမာန် အသင်းနှင့် ရှောဝတီယူနိုက်တက်အသင်းက ၁၁ မှတ်စီ၊ မြဝတီအသင်းက လေးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက သုံးမှတ် ရရှိထားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-SUFC**



ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်း ယှဉ်ပြိုင်စဉ်။

# စာပေကျေးဇူး စာဆိုတော်များ၏ ကျေးဇူးကို အထူးပြုသည့် (၇၅) ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆု အထိမ်းအမှတ်စာပေဆုများ ချီးမြှင့်ပွဲ

— — — ဒေါက်တာမြတ်မိုး — — —

မြန်မာတို့၏ မြန်မာစာပေ။

နှစ်ပေါင်းထောင်ချီ ကြာရှည်တည်ပြီး သမိုင်းရှိသည့် မြန်မာစာပေ၊ မြန်မာတို့၏ အမွေအနှစ်ကောင်းတစ်ခု၊ ဂုဏ်ရောင်ထွန်းသည့် မြန်မာစာပေသည် မျက်မှောက်ခေတ်အထိ မတိမ်ကော၊ မပျောက်ကွယ်၊ အခိုင်အမာတည်ရှိဆဲဖြစ်သည်။ ပုဂံခေတ်မှသည် ယနေ့အထိ လူပုဂ္ဂိုလ်အကျော်အမော် စာဆိုပညာရှင်များ ရဟန်းစာဆို ဓမ္မသူရဲကောင်းများကြောင့် မြန်မာစာပေ၊ ကဗျာယဉ်ကျေးမှုသည် အဖိုးတန်ဆဲ လှပဆဲဖြစ်သည်။

တိုင်းကျိုးပြည်ကျိုးဆောင်သည့် ထူးမြတ်သည့် စာဆိုရှင်ပုဂ္ဂိုလ်ကြီးများ ရေးသားခဲ့သော အဖိုးထိုက်တန်၊ စာကောင်းပေမွန်များကြောင့် ပြည်သူပြည်သားများတွင် စွယ်စုံဗဟုသုတ တိုးပွားဝေဖြာ၍ ပညာအသိများ မြင့်မားခဲ့ကြသည်။ အဆင့်မြင့်မား စာဆိုတော်များစွာ မျိုးဆက်မပြတ် ထွက်ပေါ်လွှား၍ မွန်မြတ်သည့် မြန်မာစာပေသည်လည်း အစဉ်မပြတ် ဖွံ့ဖြိုးလာခဲ့သည်မှာ အထင်အရှားဖြစ်ပါသည်။ ထို့ကြောင့် မြန်မာမှုနယ်ပယ်မှာ အရေးကြီးဆုံးများထဲက တစ်ခုဖြစ်သည့် မြန်မာစာပေလောကကြီး ယခုအနေအထားထက် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေရန်၊ စဉ်ဆက်မပြတ် ချီးမြှောက်ဂုဏ်ပြုရန် ရည်သန်မိသည်။ စာပေပျောက်က လူမျိုးပျောက်မှာ စိုးလှ၍ စာပေနှင့်ပတ်သက်သည့် အစဉ်အလာကောင်းမှန်သမျှ ထိန်းသိမ်းစောင့်ရှောက်ရန် အားလုံးတွင် တာဝန်ရှိပါသည်။

**အမှောင်ဖောက်ထွင်းအလင်းဆောင်၍ လက်ဆင့်ကမ်းရန် တာဝန်ရှိ**

နိုင်ငံတစ်နိုင်ငံ၏ သမိုင်းကြောင်းနှင့်အတူ ယဉ်ကျေးမှုရိုးရာဓလေ့များ၊ အတွေးအမြင်နှင့် အမျိုးသားရေး လူမှုရေးကဏ္ဍအဖြာဖြာကို လှစ်ဟဖော်ပြနိုင်ဆုံးသော ကိရိယာသည် စာပေနှင့် ဂီတဖြစ်သည်။ မြန်မာ့အဘိဓာန်တွင် **“စာပေ”** ကို အကြောင်းအရာ အဖြစ်အပျက်၊ အတွေးအခေါ်တို့ကို ရသမြောက်အောင်၊ သုတပွားအောင် ရေးဖွဲ့ထားသောစာ ဖြစ်သည်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားလေရာ လောကကြီးကို အရောင်တင်ပေးသည့်သဘော ပါဝင်နေသည်။ **“စာတစ်လုံး ဘုရားတစ်ဆူနှယ်”** ဓမ္မရတနာထိုက်သည့်အတွက် အမှောင်ဖောက်ထွင်း အလင်းဆောင်ပြီး ပုံရိပ်ကောင်းများ ဖန်တီးနိုင်စွမ်းရှိပါသည်။ အန္တရာယ်အဆိပ်အတောက်ကို ဖယ်ရှားသန့်စင်ရာတွင် စာပေပညာက အထိရောက်ဆုံးဖြစ်ပြီး စာပေထက် ပိုစွမ်းနိုင်သော လက်နက်မရှိနိုင်ပါ။ စကားကပြောသည့် စာလုံးများ၊ အီလက်ထရွန်နစ်နည်းဖြင့် ဖန်တီးထားသည့် စာအုပ်စာတမ်းများထက် လက်ဖြင့် ရေးသားထားသည့် စာအုပ်စာပေက အနှစ်သာရမပျက် ပို၍မှတ်တမ်းဝင်မည် ထင်သည်။ ခိုင်မာပြီး ကြာရှည်တည်တံ့သော အထောက်အထားကို စာပေက ပိုပေးနိုင်၍ဖြစ်မည်။

**❖ စာပေကို မြှင့်တင်အားပေးရန် အထူးလိုအပ်သည်။ မျက်မှောက်ကာလ အခြေအနေများအရ စာပေနယ်ပယ် ဖွံ့ဖြိုးရင့်သန်ရန် အဘယ်မျှအရေးကြီးကြောင်း မေးခွန်းထုတ်ရန်မလို၊ အလွန်ကိုအရေးကြီးနေပါသည်။ နိုင်ငံရော လူ့အဖွဲ့အစည်းအလွှာလိုက်မှာပါ နိုင်ငံအရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သဟဇာတနှင့် ညီညွတ်မျှတရေး၊ လူမှုဘဝများဖွံ့ဖြိုးတိုးတက်ရေးသည် ပညာရည်ရင့်သန်သော မျိုးဆက်လူသားများအပေါ် အဓိကတည်မှီနေသည်ဟု ယူဆလျှင် ထိုမျိုးဆက်များ စွမ်းရည်ပြည့်ဝနေဖို့ ဖြည့်ဆည်းပေးကြရန် အားလုံးမှာ တာဝန်ရှိသည်ဟု ခံယူပါသည်**

ထို့ကြောင့် စာပေကို မြှင့်တင်အားပေးရန် အထူးလိုအပ်သည်။ မျက်မှောက်ကာလ အခြေအနေများအရ စာပေနယ်ပယ် ဖွံ့ဖြိုးရင့်သန်ရန် အဘယ်မျှအရေးကြီးကြောင်း မေးခွန်းထုတ်ရန်မလို၊ အလွန်ကို အရေးကြီးနေပါသည်။ နိုင်ငံရော လူ့အဖွဲ့အစည်းအလွှာလိုက်မှာပါ နိုင်ငံအရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သဟဇာတနှင့် ညီညွတ်မျှတရေး၊ လူမှုဘဝများဖွံ့ဖြိုးတိုးတက်ရေးသည် ပညာရည်ရင့်သန်သော မျိုးဆက်လူသားများအပေါ် အဓိကတည်မှီနေသည်ဟု ယူဆလျှင် ထိုမျိုးဆက်များ စွမ်းရည်ပြည့်ဝနေဖို့ ဖြည့်ဆည်းပေးကြရန် အားလုံးမှာ တာဝန်ရှိသည်ဟု ခံယူပါသည်။

အထူးသဖြင့် လူငယ်မျိုးဆက်များတွင် ဖြစ်သည်။ ခန္ဓာကိုယ်အာဟာရဖွံ့ဖြိုးရန် အစာရေစာက အဓိက ဖြစ်သကဲ့သို့ ကိုယ်ရည်ကိုယ်သွေးနှင့် စိတ်အာဟာရဖွံ့ဖြိုးရန် စာပေယဉ်ကျေးမှုက အရေးကြီးသောနေရာကနေ ရပ်တည်ထောက်ပံ့ပေးပါသည်။ ထို့ကြောင့် မိမိတို့ဘဝကို တိုးတက်ချင်လျှင် စာပေကို ချစ်တတ်ရမည်၊ တန်ဖိုးထားနိုင်ရမည်၊ မိတ်ဆွေကောင်းသဖွယ်သဘောထား စာဖတ်ကြရမည်၊ စာပေနှင့်ဘဝသည် ဆက်စပ်နေသည်ဖြစ်၍ စာပေမြင့်မှ လူမှုဘဝများလည်း မြင့်မားလာမည်ဖြစ်ကာ ထိုမှတစ်ဆင့် လူ့အဖွဲ့အစည်းလည်း မြင့်မားတိုးတက်လာမည်ဖြစ်သည်။ စာဖတ်သူများသည့်ဝန်းကျင်ကသာ ယဉ်ကျေးသည့်အသိုင်းအဝိုင်းကို ဖန်တီးပေးသည်ဖြစ်၍ ယဉ်ကျေးသူများဖြင့် တိုးတက်မှုကို ဖန်တီးလိုလျှင် မြန်မာစာပေနှင့် စာပေပညာရှင်များ၏ တန်ဖိုးကို ဆက်လက်လက်ဆင့်ကမ်းပေးရန် တာဝန်ရှိပါသည်။

**“စာပေ၏ အနှစ်သာရနှင့် တန်ဖိုးသည် ကြီးမားလွန်းလှ၍ အများပြည်သူဘက်က ပို၍ အလေးထားလာအောင် အသွင်သဏ္ဌာန်ရော အနှစ်သာရပိုင်းမှာပါ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားဆောင်ရွက်ပေးလျက်ရှိပါသည်။ အထူးသဖြင့် ယနေ့လူငယ်များသည် စာဖတ်အားနည်းသွားပြီး စာပေကို လျစ်လျူရှုသလို ဖြစ်လာနေသည်ကို တွေ့ရသည်။ ပုံနှိပ်စာပေ အမျိုးအစားကို ဖတ်ရှုရန်အချိန်နှင့် အခြေအနေ မပေးနိုင်ကြတော့သည့်အနေအထားမှာ ကြီးငယ်မရွေး၊ အဆင့်အတန်းမရွေး စာဖတ်ချင်စိတ်များဖြစ်လာအောင် တိုက်တွန်းနှိုးဆော်မှု၊ ပညာပေးမှု၊ ဆွဲဆောင်စည်းရုံးမှုများ များစွာပြုလုပ်ရပါဦးမည်။ စာအုပ်စာပေတွင် မွေ့လျော်နေအောင် ဖန်တီးပေးရပါဦးမည်”**

**သမိုင်းစဉ်ဆက်အမွေဆက်ခံ စိန်ရတုတိုင် တည်ခဲ့ပြန်**

ထိုမျှတန်ဖိုးထား၍လည်း ရက်ကောင်းရက်မြတ်အခါသမယ ဤနတ်တော်လကို စာဆိုတော်လအဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။ မထင်မရှား “ကလောင်အဖွဲ့”အမည်ဖြင့် စတင်သန္ဓေတည်မျိုးစေ့ချခဲ့သည်။ ထို့နောက်မှ ကိုလိုနီခေတ်တွင် “မြန်မာနိုင်ငံ စာရေးဆရာများအစည်းအရုံး”၊ ဂျပန်ခေတ်တွင် “စာရေးဆရာများအသင်း”၊ ထို့နောက် ၁၉၄၄ ခုနှစ်မှစ၍ “စာဆိုတော်နေ့” ဟူ၍ အမည်တွင်ခဲ့ကြကြောင်း မှတ်သားဖူးပါသည်။ ထိုမှစ၍ နှစ်စဉ်နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ပြီး ခေတ်အဆက်ဆက်လက်ဆင့်ကမ်းကာ အစဉ်အလာရှိရှိ ရပ်တည်လာခဲ့ပြီး စာပေဆုများ ချီးမြှင့်ခဲ့သည်မှာ ယခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့သည် (၇၅) ကြိမ်မြောက် စိန်ရတု အမျိုးသားစာပေဆု ချီးမြှင့်ပွဲ အထိမ်းအမှတ် ကာလတိုင် တည်ခဲ့ပါပြီ။

သမိုင်းအဆက်ဆက် မြန်မာစာပေကိုချီးမြှောက်ခြင်းသည် တစ်မျိုးသားလုံးအတွက် အမျိုးသားရေး စရိုက်လက္ခဏာ၊ ဂုဏ်ယူဖွယ်ရာ ယဉ်ကျေးမှုအမှတ်အသားတစ်ခုအဖြစ်လည်း မှတ်ယူထား၍ ဖြစ်ပါသည်။ ထို့ကြောင့် နှစ်စဉ်နတ်တော်လဆန်း စာဆိုတော်နေ့ ဝန်းကျင်ရောက်တိုင်း စာပေနှင့်ပတ်သက်သည့် ပညာရှင်များကို ချီးမြှောက်ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ် စာပေဟောပြောပွဲများ ကဗျာရွတ်ဆိုပွဲများ ကျင်းပပေးကြသည်။ စာပေဆိုင်ရာပြဇာတ်များလည်း ပေါ်ထွန်းခဲ့ဖူးသည်။ စာပေဆုနှင်းသဘင်ပွဲများကျင်းပ၍ သက်ကြီးစာပေပညာရှင်ကြီးများကို ဂုဏ်ပြုချီးမြှင့်ခြင်းများ၊ ပူဇော်ကန်တော့ခြင်းများ ကျင်းပပြုလုပ်ပေးကြသည်။ ထူးခြားသည်မှာ စာဆိုတော်နေ့နှင့် ပတ်သက်သည့် အထိမ်းအမှတ်ပွဲများအားလုံးကို နိုင်ငံတစ်ဝန်း ခြိမ့်ခြိမ့်သဲ ကျင်းပပေးနိုင်ခြင်းပင်ဖြစ်သည်။

စာပေဆုအမည်များနှင့် ပတ်သက်၍လည်း စာပေဗိမာန်စာပေဆု၊ အနုပညာစာပေဆုများဟူ၍ ခေတ်အဆက်ဆက် အမည်နာမ အမျိုးမျိုးရှိခဲ့ဖူးသည်။ နောက်ပိုင်းမှာ ဘာသာရပ်များအလိုက် ဝတ္ထုရှည်၊ ဝတ္ထုတို၊ ပြဇာတ်၊ ကဗျာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ကလေးစာပေ၊ လူငယ်စာပေ၊ ဘာသာပြန်နှင့် သုတပဒေသာဆုများအလိုက် အမျိုးသားစာပေဆု၊ အမျိုးသားစာပေတစ်သက်တာဆုများ အသွင်ပြောင်းလဲ တိုးတက်လာခဲ့သည်ကို တွေ့ရသည်။

ယခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့သည်ကား ကြုံကြိုက်ခဲသော (၇၅) ကြိမ်မြောက် စိန်ရတုအမျိုးသား စာပေဆုချီးမြှင့်ပွဲ အထိမ်းအမှတ်နှစ်ဖြစ်သည်နှင့်အညီ ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲနှင့် စာဆိုတော်နေ့အခမ်းအနားများကို မင်္ဂလာတရားနှင့်အညီ စည်ကားခမ်းနားစွာ ကျင်းပသွားမည် ဖြစ်ပါသည်။ စာပေအမွေလက်ဆင့်ကမ်းသည့် မွန်မြတ်လှပသော အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းခြင်းလည်း ဖြစ်ပါသည်။

**စာအုပ်စာပေမှာ မွေ့လျော်နေအောင် ဖန်တီးဆွဲဆောင်**

စာပေ၏ အနှစ်သာရနှင့် တန်ဖိုးသည် ကြီးမားလွန်းလှ၍ အများပြည်သူဘက်က ပို၍အလေးထားလာအောင် အသွင်သဏ္ဌာန်ရော အနှစ်သာရပိုင်းမှာပါ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားဆောင်ရွက်ပေးလျက်ရှိပါသည်။ အထူးသဖြင့် ယနေ့လူငယ်များသည် စာဖတ် အားနည်းသွားပြီး စာပေကို လျစ်လျူရှုသလို ဖြစ်လာနေသည်ကို တွေ့ရသည်။ ပုံနှိပ်စာပေ အမျိုးအစားကို ဖတ်ရှုရန် အချိန်နှင့် အခြေအနေ မပေးနိုင်ကြတော့သည့်အနေအထားမှာ ကြီးငယ်မရွေး၊ အဆင့်အတန်းမရွေး စာဖတ်ချင်စိတ်များ ဖြစ်လာအောင် တိုက်တွန်းနှိုးဆော်မှု၊ ပညာပေးမှု၊ ဆွဲဆောင်စည်းရုံးမှုများ များစွာပြုလုပ်ရပါဦးမည်။ စာအုပ်စာပေတွင် မွေ့လျော်နေအောင် ဖန်တီးပေးရပါဦးမည်။

မိမိဘဝတိုးတက်ဖို့၊ လူ့အဖွဲ့အစည်းမြင့်မားဖို့အတွက် မသိသူကျော်သွား သိသူဖော်စားတတ်သည့် ပညာသည် စာအုပ်စာပေတွင်သာ ရှိပါသည်။ ထို့ကြောင့် ကျောင်းအလိုက်၊ မြို့နယ်အလိုက်၊ ဌာနအလိုက်၊ မြို့ရွာအနှံ့ စာပေလှုံ့ဆော်ပွဲများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် စဉ်ဆက်မပြတ်ပြုလုပ်နေရပါမည်။ လူအများစိတ်ဝင်စားသည့် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်များသည် စာပေကို အလေးအနက်ထားလာအောင် စည်းရုံးနိုင်စွမ်းရှိသည့် စာပေအသက်သွေးကြောများဖြစ်သည်ကို တွေ့ရပါသည်။ စာပေနှီးနှောဖလှယ်ပွဲများ၊ စာပေအလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ ကျင်းပပေးခြင်းသည် အတွေ့အကြုံနှင့် အသိပညာများစွာ ဖလှယ်ခွင့်ရရှိစေပြီး စာပေကို ခေတ်နှင့်အညီ တိုးတက်ထွန်းကားစေမည်ဖြစ်ကာ မြန်မာစာပေကို နိုင်ငံတကာစာပေနယ်ပယ်အထိ ထိုးဖောက်ဝင်ရောက်နိုင်မည့် အခွင့်အလမ်းလည်းရရှိမည်ဟု ယုံကြည်ပါသည်။

ယနေ့ကမ္ဘာကြီးတွင် ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာများ အရှိန်အဟုန်နှင့် ပြောင်းလဲနေသည်။ အထူးသဖြင့် လူတို့၏ စိတ်နေသဘောသဘာဝများသည် အကောင်းထက် အဆိုးဘက်သို့ ပို၍ဦးတည်နေသည်ကို တွေ့မြင်နေရသည်။ **“အလိမ္မာစာမှာရှိ”** ဆိုသည့်အတိုင်း စာပေကသာလျှင် ပညာတိုးပြီး အသိတိုးမည့် ရလဒ်ကိုပေးနိုင်သည်ကို အားလုံးက လက်ခံကြသည်။ သို့သော် လူအချင်းချင်း တန်ဖိုးထားမှု၊

*စာမျက်နှာ ၁၁ သို့*

# မြိတ်မြို့၌ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြော



**မြိတ် နိုဝင်ဘာ ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက်က အထက (ခွဲ) ရွှေပေးကျောင်း၌ ပြုလုပ်သည်။

ဟောပြောရာတွင် မြိတ်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝေယံမြင့်ချိုက ရာသီဥတုပြောင်းလဲလာခြင်း၊ ရာသီဥတုပြောင်းလဲခြင်းကို လျှော့ချရမည့် နည်းလမ်းများ၊ သဘာဝဘေး အန္တရာယ်များ ဖြစ်ပေါ်လာမှုနှင့် လျှော့ချရမည့် နည်းလမ်းများ၊ မီးခိုးမြူငွေ့ ဖြစ်ပေါ်လာသည့် အချက်များ၊ မီးခိုးမြူငွေ့အမျိုးအစားများ၊ မီးခိုးမြူငွေ့၏ ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့်နည်းလမ်းများ၊ Fire Hotspot များ၏ အကြောင်းရင်းများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းခြင်းနှင့် သစ်ပင်စိုက်ပျိုးပြုစု ထိန်းသိမ်းခြင်းကြောင့် ရာသီဥတုကောင်းမွန်လာစေခြင်း အကျိုးကျေးဇူးများကို ဟောပြောသည်။

တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြား၍ တက်ရောက် လာကြသူများအား သစ်ပင်စိုက်ပျိုးမှု လက်ကမ်းစာစောင်များ ဖြန့်ဝေပေး၍ ကျောင်းသုံး ဗလာစာအုပ်နှင့် ဘောပင်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# သထုံခရိုင်၌ အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ ပြပွဲပြိုင်ပွဲများကျင်းပ

**သထုံ နိုဝင်ဘာ ၂၄**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ပူးပေါင်း၍ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောခြင်း၊ ပြပွဲပြိုင်ပွဲများ ပြုလုပ်ခြင်းတို့ကို နိုဝင်ဘာ ၂၂ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက အမျိုးသားနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ အမျိုးသားရေး စိတ်ဓာတ်မြင့်မားရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို ဆွေးနွေးပြောကြားပြီး ကျောင်းသား ကျောင်းသူတို့က သိလိုသည်များကို မေးမြန်းကြသည်။

ယင်းနောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပုံပြင်ပြော၊ ကဗျာရွတ်၊ စာဖတ်စွမ်းရည်ပြိုင်ပွဲတို့ကို ပြုလုပ်ပေးရာ အမက(လွန်)ဝါးတောကျောင်းမှ ကျောင်းသား ကျောင်းသူတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အနိုင်ရရှိသူများအား ဆုချီးမြှင့်ပေးကြသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အမျိုးသားအောင်ပွဲနေ့အကြောင်း သိကောင်းစရာ စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များ၊ ဓာတ်ပုံမှတ်တမ်းများကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာ မှတ်သားကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့မရဲစခန်း၌ မီးငြိမ်းသတ်ရေးသရုပ်ပြ

**ကျောင်းကုန်း နိုဝင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့မရဲစခန်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးမီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းက လျှပ်စစ်မီးကြိုးများ ဟောင်းနွမ်းနေပါက အသစ်လဲလှယ်တပ်ဆင်ရန်၊ မီးပလပ်ခုံ၌ မီးသုံးစွဲသည့် မီးခေါင်းများ၊ မီးအားသွင်းကြိုးများ အလွန်အကျွံ တပ်ဆင်မထားရန်၊ EV ကားများ မီးလောင်လျှင် မီးငြိမ်းသတ်ရန် နိုင်ငံခြားမှ မှာယူရမည် ဖြစ်ကြောင်း ပြောကြားပြီး ရဲတပ်ဖွဲ့နေအိမ်လိုင်းခန်းများအား မီးဘေးလုံခြုံရေးစစ်ဆေးသည်။

အဆိုပါ မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်နေရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်နိုင်ဦးနှင့် မြို့မစခန်းမှူး ဒုရဲမှူး ဇော်ဝေလင်းတို့ ကြီးကြပ်၍ အရာရှိ၊ အရာခံ အကြပ်တပ်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များက လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။



ဆက်လက်၍ မင်းမနိုင်ရဲကင်းစခန်းနှင့် ဒေါင့်ကြီးနယ်မြေရဲစခန်းတို့၌ မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# မှော်ဘီမြို့နယ်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မှော်ဘီ နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ အပတ်စဉ်စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၂၃ ရက်က မှော်ဘီမြို့နယ် အထက (တပ်ကြီးကုန်း)ကျောင်းဝင်းအတွင်း၌ ဆောင်ရွက်ခဲ့သည်။

မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည့်ဖြိုးမောင်နှင့် တာဝန်ရှိသူများ မှော်ဘီမြို့နယ် လဝက ဦးစီးမှူး ဦးဝင်းမြတ်ဆွေ၊ မြို့မ ရဲစခန်းမှ ဒုရဲအုပ်သန့်ဇင်ဌေးနှင့် ဝန်ထမ်းများ၊ ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးဝင်းအောင်နှင့် ဝန်ထမ်းများ၊ မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ တပ်မတော်အရာရှိစစ်သည်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ကျောင်းဝင်းအတွင်းရှိ အမှိုက်သရိုက်များ လှည်းခြင်း၊ သစ်ပင်၊ မြက်ပင်နှင့် ချုံနွယ်များ ရှင်းလင်းခြင်း၊ ရေမြောင်းများအတွင်း ပိတ်ဆို့နေသော အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေး စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

# ပြည်မြို့နယ်၌ သားဆက်လိုင်းစပါးမျိုးများ ရွေးချယ်ခြင်းအခမ်းအနား ကျင်းပ

**ပြည် နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးကောင်း၊ မျိုးသန့်များ ရွေးချယ်စိုက်ပျိုးပြီး ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းပါဝင်သော သားဆက်လိုင်းစပါးမျိုးများ ရွေးချယ်ခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပြည်မြို့နယ် ငါးရွာအုပ်စုရှိ မျိုးစပါးစိုက်ခင်း၌ ကျင်းပသည်။

အဆိုပါစပါးမျိုးများ ရွေးချယ်ရာတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဇော်ဝင်းထွန်းက စပါးမျိုးသစ်များ ရွေးချယ်ပုံနည်းစနစ်များကို တောင်သူများအား ရှင်းလင်းဆွေးနွေးပြီး ပြည်ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက တောင်သူများနှင့်အတူ သားဆက်လိုင်းများမှတစ်ဆင့် စပါးမျိုး ခြောက်မျိုးကို လက်တွေ့စုပေါင်းရွေးချယ်ခဲ့ကြကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

*စာမျက်နှာ ၁၀ မှ*

အမှားအမှန် ခွဲခြားသိမြင်နိုင်မှုများတွင် အားနည်းချက်များရှိနေပြီး လူ့အဖွဲ့အစည်းအပေါ် အမြင်များ တိမ်းစောင်းလာသည့်အခါ နယ်ပယ်အသီးသီးမှာ အပေါင်းလက္ခဏာမဆောင်သည့် အဆိုးသဘောများသာ များလာသည်ကို တွေ့နေရသည်။

စာပေကသာ လူကို ပြုပြင်ပြောင်းလဲပေးနိုင်သည်ဖြစ်၍ စာကောင်းပေမွန်ကို ရှာဖွေလေ့လာဖတ်ရှုခြင်းဖြင့် လူအချင်းချင်းကြား မေတ္တာစိတ်၊ ကရုဏာစိတ်နှင့် လောကပါလတရားများ ကိန်းအောင်းလာစေရေး တွန်းအားပေးနိုင်စွမ်းရှိလာမည်ဖြစ်ပါသည်။ စာပေကို မြှင့်တင်နိုင်မှ လူမျိုးတင့်မည်ဖြစ်၍ ယခုလာမည့် (၇၅) ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် စာပေဆုများ ချီးမြှင့်ပွဲနေ့တွင် တွေ့မြင်ရမည့် အသွင်အပြင်အားလုံးသည် အနှစ်သာရ မည်မျှပြည့်ဝနေမည်မှာ မလွဲပါကြောင်း မှန်းဆမိပါသည်။

စာပေတန်ဖိုး၊ စာဆိုတော်ကြီးများ၏ ကျေးဇူးကို အထူးအသိအမှတ်ပြုသည့် ထိုစိန်ရတုအထိမ်းအမှတ်ကာလမှ ဆက်လက်၍ မြန်မာစာပေကို ယခုထက်ပို၍ အလေးထားလာကြစေရန်နှင့် ချစ်မြတ်နိုးတတ်လာစေမည့် ခံယူချက်ကောင်းများကို အတိုင်းအတာတစ်ခုအထိ မြှင့်တင်ပေးသွားနိုင်မည်ဟုလည်း ယုံကြည်ထားပါသည်။

ထိုမှတစ်ဆင့် စာများများဖတ်လာသည့်အတွက် စာပေကျေးဇူးကြောင့် မိမိတို့ အမြင်အတွေးများပါ ပြောင်းလဲလာပြီဆိုလျှင် မိမိသူတစ်ပါး၊ နှစ်ပါးအကျိုးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြမည့် အကျိုးတရားများ များစွာဖြစ်ထွန်းလာပါလိမ့်မည်။ စာပေကို ချစ်မြတ်နိုးခြင်းသည် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းလည်းမည်ပါသည်။

ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ချစ်တတ်လာမည်ဖြစ်ကာ အမျိုးသားရေးလက္ခဏာဆောင်သော ယခုနှစ်စာဆိုတော်နေ့ (၇၅) ကြိမ်မြောက် အမျိုးသားစာပေဆု အထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲ၏ အနှစ်သာရများသည်လည်း ပို၍ပို၍ ပီပြင်လာမည်ဖြစ်ပါသည်။ ထိုအခြင်းအရာအားလုံးကို ဖွံ့ဖြိုးတိုးတက်မှုဆီ ဆောင်ယူလာမည့် အမျိုးသားရေးလက္ခဏာရပ်များအဖြစ် ယှဉ်တွဲမြင်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုနည်းပညာများအား လက်တွေ့အသုံးချခြင်းဖြင့် ဒေသအကျိုးကိုဖော်ဆောင်

**မုံရွာ နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၂၃ ရက်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ တိုက်ရုံကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ပြုလုပ်သည့် တိုင်းဒေသကြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးကော်မတီနှင့် တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်း အမှတ်စဉ်(၅/၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**စိုက်ပျိုးမှုစနစ်ပပျောက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်လို**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နာဂဒေသ လဟယ်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ စားရေရိက္ခာဖူလုံစေရေးအတွက် စနစ်ကျ လယ်ယာများဖော်ထုတ်ပေးနေမှုအခြေအနေများနှင့် လယ်ယာသုံးစက်ကိရိယာများ၊ မျိုးစေ့ချကိရိယာများအား ပြည့်စုံလုံလောက်မှုရှိစေရေးတို့အတွက် ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း၊ နာဂဒေသအတွင်း ရာသီဥတုကောင်းမွန်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရန် စနစ်ကျ ကုန်းမြင့်လယ်ယာများ ဖော်ထုတ်စိုက်ပျိုးခြင်းဖြင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုစနစ်ပပျောက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဒေသခံတိုင်းရင်းသားသင်တန်းသားများ အနေဖြင့်လည်း ယခုသင်တန်းမှပို့ချပေးမည့် လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု စာတွေ့၊ လက်တွေ့နည်းပညာများကို စိတ်ပါဝင်စားစွာ လေ့လာသင်ကြားသွားကြပြီး လက်တွေ့အသုံးချခြင်းဖြင့် ဒေသအကျိုးကို ဖော်ဆောင်သူများ ဖြစ်ကြပါစေလိုကြောင်း ပြောကြားသည်။



**ကြည့်ရှုစစ်ဆေး**

ယင်းနောက် တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူးက လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းအမှတ်စဉ် (၅/၂၀၂၄) ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းတွင် အသုံးပြုသွားမည့် လယ်ယာသုံး လက်တွန်းထွန်စက်များနှင့် မြေဖွစက်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်း အမှတ်စဉ် (၅/၂၀၂၄) တွင် လဟယ်မြို့နယ်အတွင်းရှိ တိုက်ရုံကျေးရွာ၊ အံ့ပေါ်ကျေးရွာ၊ ဝုန်ညူးနောင်ကျေးရွာနှင့် လကျန်းကျေးရွာတို့မှ သင်တန်းသား ၂၀ တက်ရောက်မည်ဖြစ်ကာ သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

# ဒဂုံမြို့သစ်(အရှေ့ပိုင်း၊ ဆိပ်ကမ်း)မြို့နယ်တို့၌ ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၂၄**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ဓာတ်အားဖြန့်ဖြူးရေးဌာနမှ တာဝန်ရှိသူများ၊ အရှေ့ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာနှင့် ခရိုင်လျှပ်စစ် အင်ဂျင်နီယာများနှင့်အတူ နိုဝင်ဘာ ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)နှင့်ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တို့တွင် ဓာတ်အားဖြန့်ဖြူးထားမှု အခြေအနေများနှင့် ဓာတ်အားပျောက်ဆုံးမှုလျှော့နည်းရေး ဆောင်ရွက်ထားမှု အခြေအနေများကို ကွင်းဆင်း စစ်ဆေးသည်။



ဦးစွာ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့ သွားရောက်၍ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးဆောင်ရွက်လျက်ရှိသည့် ဖီဒါများအလိုက် လက်ခံယူနစ်ဖတ်ရှုထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် လျှပ်စစ်မန်နေဂျာရုံးနှင့် ၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ ဓာတ်အားခွဲရုံသို့ သွားရောက်၍ ဓာတ်အားခွဲရုံများ ဖီဒါများအလိုက် ဓာတ်အားလက်ခံရရှိမှု၊ ဖြန့်ဖြူးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ချစ်ဆောင်**

---

# ပညာ့အားမာန်သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်ဆိုင်ရာစည်းဝေး

**ဘီးလင်း နိုဝင်ဘာ ၂၄**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ပညာ့အားမာန်ငွေစုငွေချေး သမဝါယမ အသင်းလီမိတက်၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို နိုဝင်ဘာ ၂၃ ရက်က အမကကန်သာယာ(၂) ကျောင်း၌ ပြုလုပ်သည်။



ဆွေးနွေးပွဲတွင် ဘီးလင်းမြို့နယ်ပညာ့အားမာန်သမဝါယမ အသင်းဥက္ကဋ္ဌ ဦးခင်စိုးက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်သမအသင်းစုလီမိတက်မှ အတွင်းရေးမှူးတို့က ပညာ့အားမာန်ငွေစုငွေချေး သမဝါယမ အသင်းလီမိတက်၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာ့အားမာန် ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပြီး သဘောတူညီချက်ရယူကာ အတည်ပြုခဲ့ကာ အမှုဆောင်အဖွဲ့သစ်အား ရွေးချယ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

# ညောင်ရွှေမြို့၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြော

**ညောင်ရွှေ နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် သစ်တောဦးစီးဌာနမှ မီးခိုးမြူငွေ့လျှော့ချရေး၊ လေထုညစ်ညမ်းမှု လျှော့ချရေးနှင့် သစ်တောသစ်ပင်မှ ရရှိနိုင်သော အကျိုးကျေးဇူးများ အကြောင်း အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက်က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဇော်ဦးက နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ဖြစ်ပေါ်စေသော အကြောင်းရင်းများ၊ မီးခိုးမြူငွေ့ကြောင့်ထိခိုက်စေနိုင်သော ကျန်းမာရေး၊ လေထုညစ်ညမ်းမှု ဖြစ်စေနိုင်သော အကြောင်းများ၊ သစ်ပင်သစ်တော၏ အကျိုးကျေးဇူးများ အကြောင်း ဆွေးနွေးဟောပြောခဲ့သည်။ ထို့နောက်တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

---

# ကျေးရွာသုံးရွာကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတား ဖောက်လုပ်နေမှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရှေ့တံခွန်တိုင်ကျေးရွာ၊ စပါယ်ချောင်ကျေးရွာနှင့် ဆယ်ရွာကျေးရွာတို့ရှိ ကျေးလက်နေပြည်သူများ၏ လယ်ယာမြေကေများမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန်ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများဖောက်လုပ်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့်တာဝန်ရှိသူများက အဆိုပါကျေးရွာများ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သန်လျင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးကြူ၊ သုံးခွမြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းချိုနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၁၀ ဒသမ ၇၄၂ သန်း ဖြင့် ဆောင်ရွက်လျက်ရှိသော အရှေ့တံခွန်တိုင်ကျေးရွာတွင် အရှည် တစ်မိုင် ခုနစ်ဒသမ ခြောက် ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒုကိုးလက်မရှိ ကျေးလက်ဂဝံကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း၊ စပါယ်ချောင်ကျေးရွာတွင် ခွင့်ပြုရန်ပုံငွေကျပ် ၆၇ ဒသမ ၃ သန်းဖြင့် အရှည် ၃ ဒသမ ၄၉ ဖာလုံရှိ ဂဝံကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ၎င်းလမ်းပေါ်ရှိ Box Culvert တံတားနှစ်စင်း တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် သန်း ၃၀၃ ဒသမ ၄၀ ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဆယ်ရွာကျေးရွာတွင် အရှည် နှစ်မိုင် ၁ ဒသမ ၂၇ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒုကိုးလက်မရှိ ဂဝံကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ၎င်းလမ်းပေါ်ရှိ ရေထုတ်ပြွန်တံတားနှစ်စင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက တင်ဒါအောင်မြင်သောကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**



# ရွေးကောက်ခံသမ္မတ ထရမ့်နှင့် နေတိုးအဖွဲ့အတွင်းရေးမှူးချုပ် မာ့ခ်ရွတ်တာတို့တွေ့ဆုံပြီး ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးကိစ္စရပ်များ ဆွေးနွေး

**ဘရပ်ဆဲလ် နိုဝင်ဘာ ၂၄**

နေတိုးအဖွဲ့အတွင်းရေးမှူးချုပ် မာ့ခ်ရွတ်တာသည် အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံပြီး မဟာမိတ်များရင်ဆိုင်နေရသော ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း နေတိုးအဖွဲ့က ပြောသည်။

ထရမ့်နှင့် ရွတ်တာတို့သည် ဖလော်ရီဒါပြည်နယ် ပမ်းလ်ဘိချ်မြို့တွင် နိုဝင်ဘာ ၂၂ ရက်က တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။ ထရမ့်သည် နေတိုးမဟာမိတ်အများစုမှာ ကာကွယ်ရေးအတွက် အမေရိကန်ကို အားကိုးနေကြောင်းနှင့် မဟာမိတ်ပြုရေးကိစ္စကို ပြန်လည်သုံးသပ်မည်ဟု ပြောကြားထားသောကြောင့် အဆိုပါဆွေးနွေးပွဲမှာ အများအာရုံစိုက်မှုခံခဲ့ရသည်။

ထို့အပြင် ၎င်းသည် အသုံးစရိတ်တိုးမြှင့်သုံးစွဲရေးနှင့်ပတ်သက်ပြီး အခြားသောအဖွဲ့ဝင်များကို တောင်းဆိုသွားဖွယ်ရှိသည်။ ထရမ့်သည် ပဋိပက္ခဖြစ်ပွားမှုများကို အဆုံးသတ်ရေးအတွက် အထူးသံတမန်ရာထူးတစ်ခုဖန်တီးရန် စဉ်းစားနေကြောင်း သိရသည်။

ထရမ့်သည် အဆိုပါရာထူးနေရာအတွက် ၎င်း၏လက်ထောက် ရစ်ချတ်ဂရင်းနေးလ်ကို ခန့်အပ်နိုင်ဖွယ်ရှိကြောင်း၊ ဂရင်းနေးလ်သည် ယခင်ထရမ့်အစိုးရလက်ထက်တွင် ဂျာမနီနိုင်ငံဆိုင်ရာ သံအမတ်အဖြစ်လည်းကောင်း၊ အမျိုးသားထောက်လှမ်းရေးယာယီညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ



# ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာ၌ မီးလောင်မှုကြီးဖြစ်ပွားရာ မိသားစု ၂၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်

**မနီလာ နိုဝင်ဘာ ၂၄**

ဖိလစ်ပိုင်နိုင်ငံမြို့တော် မနီလာ၌ နိုဝင်ဘာ ၂၄ ရက်တွင် လူနေရပ်ကွက်တစ်ခုမှစ၍ ကြီးမားသည့် မီးလောင်မှုကြီးဖြစ်ပွားပြီးနောက် မိသားစု ၂၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်သွားကြကြောင်း ဒေသတွင်းအာဏာပိုင်များက ပြောကြားသည်။

မြို့တော်မနီလာ၌ နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခြင်းကြောင့် နေအိမ် ၁၀၀၀ ဝန်းကျင် ဆုံးရှုံးခဲ့ကြောင်း မနီလာမြို့ မီးသတ်ဌာနမှ မီးသတ်သမား အလက်ဂျန်းဒရို ရာမို့စ်က ပြောကြားသည်။

**ရဟတ်ယာဉ်များကို အသုံးပြု**

မီးလောင်ရာ နေရာပေါ်သို့ ဖိလစ်ပိုင်လေတပ်က ရေများ ဖျန်းပက်ရန် ရဟတ်ယာဉ်များကို အသုံးပြုခဲ့ကြောင်း၊ ဖိလစ်ပိုင်ကမ်းခြေစောင့် တပ်ကလည်း မီးငြိမ်းသတ်ရန် မီးသတ်ရေယာဉ်လေးစင်းကို ပေးပို့ခဲ့ကြောင်း၊ ထို့ပြင် မီးသတ်ကား ၃၀ ဝန်းကျင်လည်း မီးလောင်မှုဖြစ်ပွားရာ နေရာသို့ သွားရောက်ခဲ့ကြောင်း သိရသည်။

ပင်လယ်အော်မှ လေပြင်းများတိုက်ခတ်မှုကြောင့်မီးလောင်မှုမှာ လျင်မြန်စွာပျံ့နှံ့လောင်ခြင်းဖြစ်ပြီး မီးငြိမ်းသတ်ရန် လမ်းကျဉ်းများက အဟန့်အတားဖြစ်စေကြောင်း၊ မီးလောင်မှုဖြစ်ပွားချိန်တွင် ဒေသခံများက ထွက်ပြေး တိမ်းရှောင်နေစဉ် လမ်းများပေါ်၌ ပြည့်ကျပ်နေသဖြင့်မီးသတ်သမားများအတွက် အခက်အခဲဖြစ်စေကြောင်း မို့စ်က ပြောကြားသည်။



**မီးသတ်သမားအချို့ ဒဏ်ရာရရှိ**

အဆိုပါ မီးလောင်မှုမှာ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် မီးငြိမ်းသွားကြောင်း မနီလာ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် စီမံခန့်ခွဲရေးရုံးက ကြေညာခဲ့သည်။ မီးသတ်သမားအချို့ ဒဏ်ရာရရှိသော်လည်း ယခုအချိန်အထိ သေဆုံးသူမရှိသေးကြောင်းနှင့် မီးလောင်မှု ဖြစ်ပွားရသည့်အကြောင်းကို စုံစမ်း စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# ကော်လိုရာဒိုပြည်နယ်၌ ကင်းလှည့်လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွား

**လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၂၄**

အမေရိကန်ပြည်ထောင်စု ကော်လိုရာဒိုပြည်နယ်တွင် နိုဝင်ဘာ ၂၃ ရက်က ကင်းလှည့်လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး တစ်ဦး ပြင်းပြင်းထန်ထန်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသအာဏာပိုင်များက အတည်ပြုပြောသည်။

လူသုံးဦးတင်ဆောင်လာသော အရပ်ဘက်ကင်းလှည့် လေယာဉ်တစ်စင်းသည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၂ မိနစ်တွင် ပျက်ကျခဲ့ကြောင်း လာရီမာဒေသရဲအရာရှိရုံး ပြောရေးဆိုခွင့်ရှိသူ အလီအဒမ်စ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ၎င်းတို့သုံးဦးစလုံးမှာ အရပ်ဘက်လေကြောင်း ကင်းလှည့်အဖွဲ့တွင် စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်သူများဖြစ်ကြောင်း သိရသည်။

အကျိုးအမြတ်မယူသော အရပ်ဘက်လေကြောင်း ကင်းလှည့်အဖွဲ့သည် အမေရိကန်လေတပ်၏ တရားဝင်အရန်တပ်ဖွဲ့ဖြစ်သည်ဟု ဆိုသည်။ အရပ်ဘက်လေကြောင်း ကင်းလှည့်မစ်ရှင်များတွင် ပျောက်ဆုံးသွားသော တောင်တက်သမားများနှင့် မုဆိုးများအတွက် ရှာဖွေရေးနှင့်ကယ်ဆယ်ရေးဆောင်ရွက်ခြင်း၊ ပျက်ကျလေယာဉ်တည်နေရာရှာဖွေခြင်း၊ အရေးပေါ်ဝန်ထမ်းများနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ ပို့ဆောင်ခြင်းတို့ပါဝင်ကြောင်း သိရသည်။

ဆင်ဟွာ

# အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း၌ ရုတ်တရက်ရေကြီး၊ နေအိမ်များ ဆိုးရွားစွာပျက်စီး

**ခူဒက်ဇ် နိုဝင်ဘာ ၂၄**

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ခူဒက်ဇ်ပြည်နယ်၌ နိုဝင်ဘာ ၂၃ ရက်က ရုတ်တရက်ရေကြီးမှုဖြစ်ပွားခဲ့ရာ နေအိမ်များဆိုးရွားစွာပျက်စီးခဲ့ကြောင်း ဒေသခံအရာရှိတစ်ဦးက နိုဝင်ဘာ ၂၄ ရက်တွင် ပြောသည်။

အလီယာဘတ် ခရိုင်နှင့် ခါနာဘတ်ခရိုင်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရုတ်တရက် ရေကြီးမှုဖြစ်ပေါ်ခဲ့သည်။ ဒေသခံများ၏နေအိမ် ၃၇၀ ပျက်စီးခဲ့ပြီး စိုက်ပျိုးဧက ၁၁၀၀ ကျော် ပျက်စီးသွားခဲ့သည်ဟု သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ ပြည်နယ်ညွှန်ကြားရေးမှူး မိုဟာမက်ဂျာဝတ်က ပြောသည်။

သဘာဝဘေးကြောင့် ဘဏ္ဍာရေးအရ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းလုပ်ငန်းများ ပျက်စီးသွားခဲ့ရာ ရေလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းရှင်များ ငွေကြေးဆုံးရှုံးမှုများပြားသည်ဟု ဂျာဝတ်က ပြောသည်။

အကူအညီများ ထောက်ပံ့ပေးရန်နှင့် ပျက်စီးဆုံးရှုံးမှုများကို အကဲဖြတ်ရန် စစ်တမ်းကောက်ယူသည့် အဖွဲ့များကို ရေကြီးမှုဖြစ်ပွားရာဒေသသို့ စေလွှတ်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



# ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် လက်နက်ကိုင်ပဋိပက္ခကြောင့် ၁၈ ဦး သေဆုံး

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၂၄**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပတ်ထွန်ခဝါပြည်နယ်၌ အုပ်စုနှစ်စုကြား ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ ၁၈ ဦးထက်မနည်း သေဆုံးပြီး ၃၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု အာဏာပိုင်များက နိုဝင်ဘာ ၂၃ ရက်က ပြောသည်။

ခူရမ်ခရိုင်တွင် လက်နက်ကိုင်တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ပြီး လက်နက်ကိုင်ထားသည့် လူများက ဈေးဆိုင်များ၊ အိမ်များနှင့် အစိုးရပိုင်ပစ္စည်းများကို မီးရှို့ဖျက်ဆီးခဲ့သည်။ ခူရမ်ခရိုင်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုမှာ နိုဝင်ဘာ ၂၁ ရက်က ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုနှင့် ဆက်နွှယ်နေသည်။

နိုဝင်ဘာ ၂၁ ရက်က ရှီယိုက်မူဆလင်များကို တင်ဆောင်လာသည့် ခရီးသည်တင်ယာဉ်များကို သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်ပြီးနောက် အမျိုးသမီးများနှင့်ကလေးများ အပါအဝင် ၄၃ ဦးထက်မနည်း သေဆုံးခဲ့သည်။

လက်ရှိ ဖြစ်ပေါ်နေသည့် အကြမ်းဖက်မှုများကြောင့် ဒေသခံအစိုးရအဖွဲ့သည် အဆိုပါဒေသ၌ သတ်မှတ်ချိန်အတွင်း ညမထွက်ရအမိန့် ထုတ်ပြန်ထားသည်။ စာသင်ကျောင်းများပိတ်ထားပြီး စီးပွားရေးလုပ်ငန်းများနှင့် ဆက်သွယ်ရေးဖုန်းလိုင်းများ ဖြတ်တောက်ထားသည်။

အဆိုပါဒေသတွင် ငြိမ်းချမ်းရေး ပြန်လည်ထိန်းသိမ်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ခူရမ်ခရိုင်ဒုတိယရဲမင်းကြီး ဂျာဗီဒူလာမီဆွတ်ဒ်က မီဒီယာများသို့ ပြောသည်။

ဆင်ဟွာ

မြန်မာနိုင်ငံတစ်ဝန်းရှိအခြေခံပညာကျောင်းသား၊ကျောင်းသူများအတွက်သင်ကြားသင်ယူမှုတွင်အကောင်းဆုံးအထောက်အကူဖြစ်စေရန်ရည်ရွယ်ပြီး၊ ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် လွယ်ကူလေ့လာအင်္ဂလိပ်စာ Grade-4 မှ Grade-12 အထိ တန်းစဉ် Grammar ရှင်းလင်းချက်များအပါအဝင် လေ့ကျင့်ခန်းများနှင့်အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။

မြန်မာ့အလင်းစာတည်းအဖွဲ့

၁၈ - ၁၁ - ၂၀၂၄ ရက်နေ့မှအဆက်-

## Grade (10) Unit (2) Literature

**Present Continuous Tense**

**Form:** ပုံစံ

**Positive** : Subject + am/is/are + verb + -ing

**Examples:** "I am eating," "She is walking," "They are running."

**Negative:** Subject + am/is/are not + verb + -ing

**Examples:** "I am not eating," "He is not walking."

**Question:** Am/Is/Are + subject + verb + -ing

**Examples:** "Are you eating?" "Is she walking?"

**Usage:** အသုံးအနှုန်း

1. Actions Happening Right Now. (ယခုဖြစ်နေသော အဖြစ်အပျက်)
 "She is studying right now." (အခုစာကြည့်နေတယ်)
2. Temporary Actions: (ယာယီဖြစ်နေသောအဖြစ်အပျက်) Actions happening around the present time but not permanent.
 "He is staying with his cousin this week." (ဒီတစ်ပတ်ထဲမှာ အတူနေနေမယ့်သဘော)
3. Future Plans (often with near future). (အနာဂတ်မှာ ဖြစ်မယ့်အဖြစ်အပျက်)
 "We are meeting them tomorrow." (မနက်ဖြန်မှာတွေ့ဖို့ရှိ)
4. Trends and Changes. (လက်ရှိဦးတည်နေသော လမ်းကြောင်း၊ အပြောင်းအလဲဖြစ်နေသောအခြေအနေ)
 "More people are choosing electric cars." (လျှပ်စစ်ကားတွေကို ရွေးချယ်ကုန်ကြပြီ။)

Some verbs almost always use simple tenses not continuous tenses: (အဲလို verbs ကို **state verbs** လို့ခေါ်ပါတယ်။)

**e.g** Most people prefer the new theatre. (not Most people are preferring the new theatre.)

I like chocolate ice cream. (not I'm liking chocolate ice cream.)

Here are some important state verbs: (အသုံးများသော **state verbs** တချို့ပါ။)

belong, hate, have/have got (= possess), hear, know, like, love, mean, prefer, ealise, recognise, remember, see, understand, want, wish

အောက်ဖော်ပြပါစကားလုံးများပါလျှင် Present Continuous Tense ထည့်ရမယ်။ (ကျက်မှတ်ထားသင့်ပါတယ်။)

| | |
|---|---|
| now | ယခု |
| still | (တစ်ခုခု) ဖြစ်နေဆဲ |
| at present | လောလောဆယ်မှာ |
| at the moment | ဒီအချိန်မှာ၊ လောလောဆယ်မှာ၊ အခုအခါမှာတော့ |
| for the time being | ဒီအချိန်အတောအတွင်း |
| currently | လတ်တလော၊ လောလောဆယ်မှာ |
| temporarily | ယာယီအားဖြင့်၊ အခိုက်အတန့်အားဖြင့် |
| Look! | ကြည့်လိုက်စမ်း (အာမေဋိတ်သင်္ကေတပါတယ်) |
| Don't make a noise! | ဆူဆူညံညံမလုပ်နဲ့ (အာမေဋိတ် သင်္ကေတပါတယ်) |
| Hurry up! | မြန်မြန်လုပ် (အာမေဋိတ်သင်္ကေတပါတယ်) |
| Listen! | နားထောင်စမ်း(အာမေဋိတ်သင်္ကေတပါတယ်) |

**Exercises**

**Read this mobile phone conversation. Fill in the gaps with a verb from the box in the correct form of the present continuous.**

| | | | | | |
|---|---|---|---|---|---|
| come | come | do | get | get | leave |
| read | shout | sit | talk | wait | |

**Mandy:** Dwayn? This is Mandy.

**Dwayn:** Hi Mandy. Why aren't you here? What (1). ... are you doing? .... (2) .... to this party?

**Mandy:** I .... (3) .... on the bus.

**Dwayn:** What?

**Mandy:** The bus has broken down. We .... (4) .... for another bus to come and take us to town.

**Dwayn:** Oh, no. Do you want to meet lots of famous people? Can you do this?

**Mandy:** Yes. Some of the passengers .... (5) .... angrily, but what can the driver do?

**Dwayn:** he .... (6) .... to them?

**Mandy:** No, he .... (7) .... a newspaper. Ah, here's the other bus. I .... (8) .... on to it now. The bus .... (9) .... . I .... (10) .... to the party!

**Answer keys**

2. Are you coming 3. am/'m sitting
4. 're waiting 5. are shouting 6. Is he talking
7. is/'s reading 8. am/'m getting 9. is leaving
10. am/'m coming

## Grade (11) Unit (2) Onile Shopping: Pros and cons

**Present Perfect Tense**

**Form:** (ပုံစံ)

**Positive:** Subject + have/has + past participle ($V_3$)

**Negative:** Subject + have/has not + past participle

**Question:** Have/Has + subject + past participle?

**Present Perfect Tense** က လုပ်ဆောင်ချက်ပြီးဆုံးတာကို ရည်ညွှန်းတဲ့သဘောဖြစ်ပါတယ်။

ဖော်ပြပါစကားလုံးများပါလျှင် Present Perfect Tense ထည့်ရမယ်။

| | |
|---|---|
| almost | .......... လုနီးပါး |
| just | အခုလေးတင် |
| already | .......... နှင့်ပြီး |
| just now | အခုဘဲ |
| ever | အမြဲ |
| never | ဘယ်တော့မှ မ .......... ဖူး |
| so far | အခုအချိန်ထိ |
| for (period of time) | .......... (နာရီ/ မိနစ်/ လ/ ရက်/ နှစ်) ကြာ |
| since | .......... ကတည်းက |
| yet | မ .......... သေးဘူး(အငြင်းဝါကျတွင်သုံး) |
| recently | မကြာသေးမီက |
| up to now | အခုချိန်ထိ |
| several/many/two/ three times | ကြိမ်ဖန်များစွာ၊ နှစ်ကြိမ်၊ သုံးကြိမ် |

**Exercises**

**Complete the sentences using the present perfect form of the verbs in brackets.**

1. I (**not have**) breakfast yet. Would you like to have it with me?
2. I (**never/be**) to the Himalayas, but I'd like to go.
3. We (**know**) the truth since the beginning.
4. They (**buy**) a very expensive car.
5. They (**just/get**) married.
6. What (**you/do**)?
7. (**you/ever/work**) abroad?
8. She (**already/find**) a solution.
9. I think I (**see**) this picture before.
10. (**you/ever/meet**) a celebrity?

**Answer keys**

1. have not had 2. have never been
3. have known 4. have bought
5. have just got 6. have you done
7. Have you ever worked 8. has already found
9. have seen 10. Have you ever met

## Grade (12) Unit (2) Key to Happiness

**2. Non-Defining Relative Clauses**

These clauses give extra, non-essential information. They are set off with commas and can be omitted without altering the core meaning of the sentence.

**Example:** My sister, who is a nurse, works at the city hospital. (ကော်မာပါတာကိုသတိပြုပါ။ ကျွန်တော့ညီမက မြို့တော်ဆေးရုံမှာ အလုပ်လုပ်တယ်၊ သူက သူနာပြုဆရာမလေး၊ ကော်မာနောက်က clause ကထပ်သိအောင်ပြောတဲ့သဘော၊ အထူးပြုတာမဟုတ်ဘူးဆိုတာ သိစေလိုပါတယ်။)

**Explanation:** "Who is a nurse" adds extra information about the sister, but it's not essential to know this to understand the sentence's main point.

**Exercises**

3. **Rewrite the sentences by adding suitable or reasonable a non-defining relative clause:** (စဉ်းစားတတ်စေရန် ရေးကျင့်စေခြင်းဖြစ်ပါတယ်။)

1) My brother is a lawyer.
2) The Eiffel Tower is in Paris.
3) We visited London last summer.
4) My grandparents live in the countryside.
5) The novel became a bestseller.
6) Her brother is an engineer.

**Answer keys**

Suggested answers: အဖြေအမျိုးမျိုးထွက်နိုင်ပါတယ်။

1) My brother, who lives in New York, is a lawyer.
2) The Eiffel Tower, which is one of the most famous landmarks, is in Paris.
3) We visited London last summer, which was an incredible experience.
4) My grandparents, who live in the countryside, enjoy gardening.
5) The novel, which was published last year, became a bestseller.
6) Her brother, who graduated from YIT, is an engineer.

# ဒီနေ့ခေတ်စာပေလောကဟာ ကျွန်တော့်အမြင်တော့ တော်တော်အခက်အခဲတွေထဲကပဲ တိုးတက်မြဲတိုးတက်နေတယ်လို့ စိတ်ထဲမှာ အဲဒီလိုတွေးမိပါတယ်

စာပေပညာရှင် ဆရာကြီးဒေါက်တာတိုးလှ

ရန်ကုန် နိုဝင်ဘာ ၂၄

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသာစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာတစ်သက်လုံးအားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များကို ရွေးချယ်ချီးမြှင့်ခဲ့သည်။ ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာ ဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်ခံရသော စာရေးဆရာကြီးများအား တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။**

**စာပေပညာရှင်**
**ဆရာကြီးဒေါက်တာတိုးလှ**

"ယနေ့ ခေတ်စာပေလောကအပေါ် အမြင်ပြောတဲ့အခါ စာအုပ်ဆိုင်တစ်ဆိုင်ထဲကို အရင်ဆုံးဝင်ကြည့်ရင် ကျွန်တော်တို့ တွေ့နိုင်တယ်။ ကျွန်တော်တစ်ခါတစ်ရံ စာပေဗိမာန်စာအုပ်ဆိုင်တို့ အခြားပုဂ္ဂလိကစာအုပ်ဆိုင်တို့ကို ရောက်ပါတယ်။ အထဲရောက်သွားတဲ့အခါ ရောင်စုံပန်းခင်းကြီးထဲ ရောက်သွားသလို ခံစားလိုက်ရတယ်။ ထွက်လိုက်တဲ့ စာအုပ်တွေ အမျိုးစုံ ဘာသာရပ်မျိုးစုံ ထောင့်ပေါင်းစုံကနေ ရေးကြတဲ့စာအုပ်တွေ အများကြီးရှိတော့ တော်တော်ပဲ ပီတိကျေနပ်ဖြစ်ရပါတယ်။ ဒါကြောင့် စာရေးသူတွေဘက်ကတော့ တော်တော်လေးတာဝန်ကျေကြတယ်လို့ ထင်တယ်။ စာရေးသူတွေဟာ ဘဝပေါင်းများစွာ အခြေအနေပေါင်းများစွာထဲက ဒီစာပေတွေကို ပြုစုကြတယ်။ အဲဒီတော့ စာပေလောကကိုပြောတဲ့အခါ စာရေးသူတစ်ယောက်ထဲနဲ့မပြီးပါဘူး။ထုတ်ဝေသူတွေရှိပါတယ်။ နောက်တစ်မျိုးက စာဖတ်ပရိသတ်ရှိပါတယ်။ အဲဒီတော့ထုတ်ဝေသူရယ်၊ စာဖတ်ပရိသတ်ရယ် စာပေပြုစုကြတဲ့ ပညာရှင်တွေရယ် သုံးဦးသုံးဖလှယ်ပေါင်းမှ စာပေလောကဆိုတာဖြစ်တာပါ။ အဲဒါကြောင့် ဒီနေ့ခေတ်စာပေလောကဟာ ကျွန်တော့်အမြင်တော့ တော်တော်အခက်အခဲတွေထဲကပဲ တိုးတက်မြဲတိုးတက်နေတယ်လို့ စိတ်ထဲမှာ အဲဒီလိုတွေးမိပါတယ်။ နောက်တစ်ခုက ယနေ့ခေတ်လူငယ်တွေအပေါ်မှာ စာပေဖတ်မှုနဲ့ အကြံပေးရမယ်ဆိုရင်တော့ သိပ်ကိုမလိုဘူးလို့ထင်တယ်။ ဘာကြောင့်လည်းဆိုတော့ အရင်က ဆရာကြီးဦးအောင်သင်းဆိုတာ လူတိုင်းသိကြပါတယ်။ သူက လူငယ်တွေကို စာဖတ်ဖို့ အမြဲတမ်းစေ့ဆော်ပေးခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦးပါ။ သူ့ရဲ့ကျေးဇူး ယနေ့ခေတ်လူငယ်တွေအပေါ်မှာ တော်တော်ဩဇာကြီးပါတယ်။ သူက စာဖတ်ဖို့ စာအုပ်ဟာ စာပေဟာ လူငယ်တွေရဲ့ တိုးတက်မှုအနာဂတ်အတွက် အသက်ဖြစ်တယ်ဆိုတာကို ဦးစားပေးပြောတဲ့အတွက် လူငယ်တွေဟာ တော်တော်များများ စာဖတ်လာကြတာ တွေ့ပါတယ်။ ရသစာပေတင်မက သုတစာပေရော၊ ဘာသာရပ်ဆိုင်ရာ၊ စီးပွားရေးစာပေတွေရော အကုန်လုံးဘက်ပေါင်းစုံ တိုးတက်နေတဲ့အထဲမှာ လူငယ်တွေဟာ သူတို့ဘဝနဲ့သင့်လျော်တာတွေကို သူတို့ကိုယ်တိုင်ပဲ ရွေးချယ်စီမံ ဖတ်ရှုနေတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါကြောင့် လူငယ်တွေအပေါ်လည်းပဲ ကျွန်တော် အားရမိပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော် တစ်သက်တာ စာပေဆုရတဲ့အတွက် ဝမ်းသာမှုအကြောင်းပြောရရင်တော့ ပီတိဖြစ်တာကတော့ အမှန်ဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကိုယ့်ဘဝရဲ့ လုပ်ဆောင်မှုတွေ စာပေလေ့လာမှုတွေကို အသိအမှတ်ပြုခြင်းခံရတာလောက် ကြီးကျယ်တဲ့ ပီတိမရှိပါဘူး။ ပီတိဟာ တစ်ခါတည်း ရေလှိုင်းလေးထသလို နှလုံးသားအထိ တစ်ကိုယ်လုံး ပျံ့နှံ့ပြီး လှိုင်းကလေးတွေ ရစ်ပတ်သွားသလိုခံစားရတယ်။ အသိအမှတ်ပြုတာကိုလည်း အင်မတန်ဝမ်းသာပါတယ်။ အဲဒီတော့ပီတိဖြစ်လို့ ဝမ်းသာတာနဲ့အတူပဲ စိတ်ထဲမှာ တာဝန်တစ်ခုပိုလာတယ်။ အများက အသိအမှတ်ပြုထားတဲ့ ဂုဏ်တွေ၊ အသိအမှတ်ပြုမှုတွေ ကျဆင်းမသွားအောင်ကျွန်တော်တို့က ဆက်ပြီးကြိုးပမ်းသွားဖို့လိုတယ်။ ဒါ့ကြောင့် ရေးနိုင်သမျှလည်း ဆက်ပြီး ရေးသားဖို့လိုသေးတယ်ဆိုတဲ့ အသိလေး ခံယူချက်လေး ဖြစ်ပါတယ်"ဟုပြောသည်။

ဒေါက်တာ တိုးလှကို ပခုက္ကူခရိုင် ရေစကြိုမြို့နယ် သပြေပင်ရွာတွင် အဖ ဦးအောင်သူ၊ အမိ ဒေါ်ပုတို့က ၁၉၃၉ ခုနှစ် နိုဝင်ဘာ ၂၅ ရက် စနေနေ့တွင် မွေးဖွားခဲ့သည်။ ကျောင်းနေအရွယ် ငါးနှစ်သားတွင် သပြေပင်ရွာ ကံစွယ်တိုက်(အနောက်ကျောင်း) ဆရာတော် ဦးရာဇိန္ဒထံတွင် 



စာပေပညာရှင်
ဆရာကြီးဒေါက်တာတိုးလှ



စာပေပညာရှင်ဆရာကြီးဦးသန်းဆွေ
(မောင်သန်းဆွေ-ထားဝယ်)

သင်ပုန်းကြီးမှသည် သဒ္ဒါကျမ်း တစ်စိတ်တစ်ပိုင်းထိ ဗုဒ္ဓဘာသာ စာပေပညာကို စတင်သင်ယူခဲ့သည်။ စတုတ္ထတန်းကို သပြေပင်ရွာ မူလတန်းကျောင်းမှပင် အောင်မြင်ပြီး ၁၉၅၄ - ၁၉၅၅ တွင် ပခုက္ကူမြို့ အမှတ် (၂) အစိုးရအထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ကြားခဲ့ရာ ၁၉၅၉ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည်။ ထိုနှစ်မှာပင် မန္တလေးတက္ကသိုလ်သို့ တက်ရောက်ပညာသင်ယူခဲ့ရာ ၁၉၆၃ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိပြီး မြစ်ကြီးနားကောလိပ် သမိုင်းဌာနတွင် နည်းပြအဖြစ် စတင်အမှုထမ်းခဲ့သည်။

၁၉၇၀ ပြည့်နှစ်တွင် မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှ သမိုင်းမဟာဝိဇ္ဇာဘွဲ့ကို (Credit) အထူးအောင်ဖြင့် အောင်မြင်ခဲ့သည်။ ထိုကာလများအတွင်း သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် သမိုင်းစာပေနှင့် ခရီးသွားဆောင်းပါးများ စတင်ရေးသားခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် လက်ထောက်ကထိကရာထူး တိုးမြှင့်ခံရပြီး ၁၉၇၇ ခုနှစ်တွင် ရန်ကုန်ပညာရေး တက္ကသိုလ်သို့ ပြောင်းရွှေ့ အမှုထမ်းဆောင်သည်။ ထိုကာလအတွင်း သုတေသနလုပ်ငန်းများနှင့် စာတမ်းများကို များစွာပြုလုပ်ရေးသားနိုင်ခဲ့ပြီး မြန်မာနိုင်ငံ သုတေသနအသင်း ဂျာနယ်၊ တက္ကသိုလ်ပညာပဒေသာ၊ ပညာလောကဂျာနယ်များတွင် ဖော်ပြနိုင်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဖူးလ်ဗရိုက် ဖောင်ဒေးရှင်း ပညာတော်သင်ဆု Foundation (Fulbright Scholarship) ရရှိကာ မြောက်ပိုင်းအီလီနွိုက်တက္ကသိုလ်မှ ပါရဂူဘွဲ့ကို ၁၉၈၇ ခုနှစ်တွင် ရရှိခဲ့သည်။ ၁၉၈၈ ခုနှစ်မှစ၍ ရန်ကုန်၊ မန္တလေး၊ မကွေး၊ မုံရွာ ဒီဂရီကောလိပ်နှင့် တက္ကသိုလ်များတွင် ကထိက၊ တွဲဖက်ပါမောက္ခ၊ ပါမောက္ခတာဝန်များကို ထမ်းဆောင်ရင်း သမိုင်းစာအုပ်များ ရေးသားပြုစုခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာနသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် တာဝန်ကိုလည်း တွဲဖက်ထမ်းဆောင်ရသည်။ အငြိမ်းစားယူပြီးနောက်တွင် မြန်မာသမိုင်း အဖွဲ့ဝင်၊ အတွင်းရေးမှူး၊ ဒုတိယဥက္ကဋ္ဌတာဝန်များကို တာဝန်ယူထမ်းဆောင်ခဲ့ရသည်။ စာပေသုတေသနများ ဆောင်ရွက်နိုင်ခဲ့သဖြင့် အမျိုးသားစာပေ ဆုနှစ်ကြိမ်၊ ထွန်းဖောင်ဒေးရှင်းစာပေဆုနှစ်ကြိမ်၊ ဆရာဝန်တင်ရွှေဆု၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာပေဆုများ ရရှိခဲ့သည်။ အမေရိကန်ပြည်ထောင်စု မြောက်ပိုင်း အီလီနွိုက်တက္ကသိုလ်မှ ၂၀၀၈ ခုနှစ်တွင် Distinguished International Alumnus ဂုဏ်ပြုမှတ်တမ်းလက်မှတ် ချီးမြှင့်ဂုဏ်ပြုခြင်းခံရသည်။ ယခုအခါ ရှေးဟောင်းသမိုင်း သုတေသနလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နေဆဲဖြစ်သည်။

**စာပေပညာရှင်ဆရာကြီးဦးသန်းဆွေ**
**(မောင်သန်းဆွေ-ထားဝယ်)**

"အခုလိုတစ်သက်တာဆု ချီးမြှင့်ခံရတဲ့အပေါ် အတိုင်းမသိ ဝမ်းသာပါတယ်။ အလုပ်နဲ့ပတ်သက်ပြီး အသိအမှတ်ပြုတယ်လို့ပဲ ခံယူပါတယ်။

စာပေနယ်ကို ၁၉၈၅ ခုနှစ် ဇူလိုင်လထုတ် ရှုမဝမဂ္ဂဇင်းမှာ မောင်သန်းဆွေ (ထားဝယ်) အမည်နဲ့စတင်ပြီး ထားဝယ်ရောက် ဆင်ဖြူမရှင် သမိုင်းဆောင်းပါးနဲ့ စာပေနယ်ထဲဝင်ရောက်ခဲ့တာပါ။ လုံးချင်းစာအုပ်ပေါင်း ၄၅ အုပ် ထုတ်ပြီးပါပြီ။ ၂၀၀၇ ခုနှစ်မှာ ရတနာဂီရိနိဒါန်းစာအုပ်နဲ့ အမျိုးသားစာပေဆု ရခဲ့ပါတယ်။ သုတပဒေသာ ဝိဇ္ဇာဘာသာရပ်အတွက်ပါ။ ၂၀၁၁ ခုနှစ်မှာလည်း စွယ်စုံမီဒီယာဂရု(ပ်) သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်တဲ့ သုတစွယ်စုံစာပေဆု ဝိဇ္ဇာဘာသာရပ်အတွက် ထီးသတင်းနန်းသတင်းစာအုပ်နဲ့ ရခဲ့ပါတယ်"ဟု ပြောသည်။ ဦးသန်းဆွေကို ၁၉၄၂ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ခရိုင်ရဲဝန်- ဦးစူ၊ ဒေါ်ရွှေရွှေတို့က မွေးဖွားသည့် တစ်ဦးတည်းသော သားဖြစ်သည်။ ငယ်စဉ်က ထားဝယ်မြို့၌ မူလတန်းပညာများကို စတင်သင်ကြားသည်။ ရန်ကုန်မြို့ မက်သဒစ်အင်္ဂလိပ်အထက်တန်းကျောင်း (ယခု အထက-၁၊ ဒဂုံ)တွင် အခြေခံပညာ မူလတန်းမှစ၍ ပြန်နေရပြီး အထက်တန်းအထိ ပညာသင်ကြားခဲ့သည်။

၎င်းကျောင်းမှပင် ၁၉၆၀ ပြည့်နှစ်၌ တက္ကသိုလ်ဝင်တန်း အောင်မြင်သည်။ ၁၉၆၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို ရရှိသည်။ ပညာရေးဌာနတွင် သုံးနှစ်ခန့် အမှုထမ်းဖူးသည်။ ထို့နောက် အိုင်ယာလန်နိုင်ငံ ဒါဗလင်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ (သမိုင်း)ရရှိခဲ့သည်။

ယနေ့အထိ လုံးချင်းစာအုပ်ပေါင်း ၄၅ အုပ် ရေးသားပြီးပြီ။ ၂၀၀၇ခုနှစ်တွင် "ရတနာဂီရိနိဒါန်း" စာအုပ်ဖြင့် အမျိုးသားစာပေဆုကိုသုတပဒေသာ ဝိဇ္ဇာဘာသာရပ်ဖြင့် ရရှိခဲ့သည်။ ၂၀၁၁ ခုနှစ် စွယ်စုံမီဒီယာဂရု(ပ်) သုတစွယ်စုံစာအုပ်တိုက်မှ ချီးမြှင့်သော ဆဋ္ဌမအကြိမ်မြောက် သုတစွယ်စုံစာပေဆု(ဝိဇ္ဇာဘာသာရပ်အတွက်)ကို "ထီးသတင်းနန်းသတင်း"စာအုပ်ဖြင့် ရရှိခဲ့သည်။ ၂၀၁၁-၂၀၁၂ အထိ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ် ဩဂုတ် ၂၈ ရက်မှ ၂၀၁၆ ခုနှစ် မတ် ၃၁ရက်အထိ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်ကချီးမြှင့်သော လူမှုရေးထူးချွန်ဆု(ပထမအဆင့်)၊ ဝဏ္ဏကျော်ထင်ဘွဲ့နှင့် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုတို့ကို ရရှိခဲ့သည်။ ယခုအခါ မြန်မာသမိုင်းအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

**အာကာလင်း၊ ဓာတ်ပုံ-တင်စိုး**



## ဒလမြို့နယ် ဂွကျေးရွာ၌ VDPစီမံကိန်းဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း ဆောင်ရွက်နေမှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ညောင်ငုတ်တို ကျေးရွာအုပ်စု ဂွကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သက်ဦး၊ ဒလမြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ဂွကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများသတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်းသည် အရှည် ပေ ၄၈၀၊ အကျယ် ၁၀ပေ၊ ထု ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၈သိန်း၊ စုစုပေါင်း ရန်ပုံငွေကျပ် ၁၇၈သိန်းကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုအနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလအတွင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ခိုင်**

အမျိုးသားအောင်ပွဲနေ့ ဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တစ်မျိုးသားလုံး ညီညွတ်စို့

မောင်သောင်းဝင်း(တမန်ဟောင်း)

၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၁၀၄)နှစ်မြောက် အမျိုးသားနေ့အခါသမယပင်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံတိုင်းတွင် သမိုင်းဝင် နေ့ထူးနေ့မြတ်များ ရှိကြသည်။ ထိုနည်းတူစွာ မြန်မာနိုင်ငံတွင်လည်း လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့၊ အာဇာနည်နေ့ဆိုသော နေ့ထူးနေ့မြတ်များရှိသည်။ ထိုသမိုင်းဝင်နေ့များအနက် နယ်ချဲ့ကိုလိုနီတို့၏ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်ဆန္ဒပြခဲ့သည့်နေ့သည် အမျိုးသားနေ့ပင်ဖြစ်သည်။ စင်စစ်အားဖြင့် အမျိုးသားနေ့သည် တိုင်းပြည်လွတ်လပ်ရေးအတွက် အသက်တမျှအရေးပါသည့် အမျိုးသားရေးစိတ်ဓာတ် ရှင်သန်နိုးကြား တက်ကြွလာစေခဲ့သည့် နေ့တစ်နေ့လည်းဖြစ်သည်။

### ထီးကျိုးစည်ပေါက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးမြန်မာမင်းများလက်ထက် ခေတ်အဆက်ဆက်တွင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်၌ ဝင့်ထည်စွာ ရပ်တည်နိုင်ခဲ့သည်။ သို့ရာတွင် အင်္ဂလိပ်နယ်ချဲ့တို့က ဘကြီးတော်ဘုရားလက်ထက် ၁၈၂၄ ခုနှစ်တွင် တစ်ကြိမ်၊ ပုဂံမင်းလက်ထက် ၁၈၅၂ ခုနှစ်တွင် တစ်ကြိမ်၊ သီပေါမင်းလက်ထက် ၁၈၈၅ ခုနှစ်တွင် တစ်ကြိမ် ခေတ်မီစစ်လက်နက်များဖြင့် ကျူးကျော်စစ် သုံးကြိမ်တိုင်တိုင် တိုက်ခိုက်ခဲ့ကြသည်။ ထို့ကြောင့် ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ထီးကျိုးစည်ပေါက် တစ်နိုင်ငံလုံး သူ့ကျွန်ဘဝ ကျရောက်ခဲ့ရသည်။

### တွန်းလှန်တိုက်ခိုက်ခဲ့

ထို့နောက် မျိုးချစ်စိတ်ဓာတ်ပြင်းထန်သော တိုင်းရင်းသားသူရဲကောင်းများသည် ရရာလက်နက်စွဲကိုင်၍ နယ်ချဲ့တို့အား နည်းလမ်းပေါင်းစုံဖြင့် တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ သို့ရာတွင် လူ၊ လက်နက်နှင့် နည်းပညာကွာခြားမှု၊ စနစ်တကျစုဖွဲ့လေ့ကျင့်တိုက်ခိုက်မှုမရှိသဖြင့် တိုင်းပြည်အတွက် အသက်ကိုသာ စွန့်လွှတ်ခဲ့ကြရသည်။ ထို့နောက် တိုင်းရင်းသားများအကြား မျိုးချစ်စိတ်ဓာတ်နိုးကြားလာသဖြင့် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်း စသည့် အဖွဲ့အစည်းများ ဖွဲ့စည်းလှုပ်ရှားလာခဲ့ရာ မြန်မာ့လွတ်လပ်ရေးအတွက် ရောင်ခြည်သန်းလာခဲ့ပါသည်။

### ကျွန်သက်ရှည်ရန်ကြံစည်

ဤနေရာတွင် နယ်ချဲ့တို့၏ အကောင်းဆုံးလက်နက်သည် ကိုလိုနီနိုင်ငံရှိ ပြည်သူများကို ပညာရည် အဆင့်အတန်းနိမ့်ပါးအောင် ဆောင်ရွက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအား ကိုလိုနီတို့ သိမ်းပိုက်ပြီးစအချိန်တွင် မြန်မာလူမျိုးတို့၏ စာတတ်မြောက်မှုနှုန်းသည် ၈၅ ရာခိုင်နှုန်းခန့် ရှိခဲ့သည်။ သို့သော် ၃၅ နှစ်ခန့် ကြာပြီးနောက် စာတတ်မြောက်မှုနှုန်းသည် ၃၅ ရာခိုင်နှုန်းအထိ သိသိသာသာ ကျဆင်းသွားသည်။ ထိုစဉ်က မြန်မာနိုင်ငံတွင် သီးခြားတက္ကသိုလ်မရှိဘဲ အိန္ဒိယနိုင်ငံ ကာလကတ္တားတက္ကသိုလ်လက်အောက်ခံ ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်နှစ်ခုသာ ရှိခဲ့သည်။

ထို့ပြင် ဗြိတိသျှနယ်ချဲ့တို့သည် ၁၉၂၀ ပြည့်နှစ် ဇွန်လတွင် ပညာရေးစနစ်သစ်တက္ကသိုလ် အက်ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုဥပဒေတွင် အဓိကအချက် ၆ ချက်ပါရှိသည်။ ထိုအချက်အားလုံးသည် မြန်မာကျောင်းသားများကို ကန့်သတ်ချုပ်ချယ်ပြီး အဆင့်အတန်းခွဲခြားထားသည်။ ကျွန်သက်ရှည်စေရန် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်သည်။ ဆိုရလျှင် ထိုဥပဒေသည် ငွေကြေးတတ်နိုင်သူလူနည်းစုကိုသာ တက္ကသိုလ်ပညာသင်ကြားခွင့်ရရှိစေပြီး ပညာထူးချွန်သော်လည်း ငွေကြေးမတတ်နိုင်သည့် တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် လက်လုပ်လက်စားအောက်ခြေ လူတန်းစားများ၏ သား၊ သမီးများကို ပညာဆက်လက်သင်ကြားခွင့်မရရှိနိုင်အောင် ချုပ်ချယ်ကန့်သတ်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ အဆင့်အတန်းခွဲခြားထားသည့် ထိုဥပဒေကို ကောလိပ်ကျောင်းသားများအပါအဝင် ပြည်သူအားလုံးက အပြင်းအထန်ကန့်ကွက်ခဲ့ကြသည်။ မည်သို့ပင် ကန့်ကွက်နေစေကာမူ မြန်မာပြည်ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်က မြန်မာများသည် ပညာရေးအကြောင်းနားမလည်ဟုဆိုပြီး တောင်းဆိုချက်များကို လျစ်လျူရှုကာ ထိုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှစ၍ တက္ကသိုလ်အက်ဥပဒေကို အတည်ပြုကြောင်း ကြေညာခဲ့သည်။

> “အမျိုးသားရေးစိတ်ဓာတ်သည် တိုင်းပြည်နှင့်လူမျိုးကို ချစ်ခင်သောစိတ်ဓာတ်ပင်ဖြစ်သည်။ တစ်နိုင်ငံတည်းနေ၊ တစ်မြေတည်းဖွား တိုင်းရင်းသားညီအစ်ကိုများကို ချစ်ခင်ခြင်း၊ စောင့်ရှောက်ခြင်းနှင့် တိုင်းပြည်နှင့်လူမျိုးအကျိုးကို ထာဝစဉ်သယ်ပိုးသွားလိုသည့် စိတ်ဓာတ်ပင်ဖြစ်ပေသည်။ အမှန်စင်စစ်မှာမူ ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ရှေးပဝေဏီကတည်းကပင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက်၊ ဆိုးတူကောင်းဖက် လက်တွဲနေထိုင်လာခဲ့ကြသည်မှာ ငြင်းဆို၍မရသော ပကတိအရှိတရားပင်ဖြစ်”

### ကန့်ကွက်သပိတ်မှောက်

ထို့ကြောင့် ကောလိပ်ကျောင်းသားများသည် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ရွှေတိဂုံရင်ပြင်၌ တိုင်ပင်ဆွေးနွေးကြပြီး ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် ကောလိပ်နှစ်ခုစလုံးက သပိတ်မှောက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။ ထို့နောက် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရွှေကျင်တိုက် ဆရာတော်ဦးအရိယကျောင်းတိုက်၌ ကျောင်းသားအစည်းအဝေးပွဲကြီး ပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေး၌ ဒီဇင်ဘာလ ၇ ရက်နေ့တွင် တက္ကသိုလ်ကို သပိတ်မှောက်ရန်၊ ပညာရေးဥပဒေပြုပြင်ပေးရေးအတွက် တောင်းဆိုသွားရန်နှင့် တောင်းဆိုချက်များ မပေးသမျှ ကာလပတ်လုံး ကျောင်းပြန်မတက်ရန်တို့ကို ဆုံးဖြတ်ခဲ့ကြသည်။

မူလက ဒီဇင်ဘာလ ၇ ရက်နေ့တွင် သပိတ်မှောက်ရန် စီစဉ်ထားသော်လည်း အခြေအနေပြောင်းလဲသွားသဖြင့် ဒီဇင်ဘာလ ၅ ရက်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ကျောင်းသားများ သပိတ်မှောက်ခဲ့ကြသည်။ ထိုစဉ်က ကျောင်းသားခေါင်းဆောင် ကိုဘဦးကိုယ်တိုင် လက်မှတ်ထိုး၍ ကျောင်းသား ကြေညာချက်ကို ဘုရင်ခံထံ ပေးပို့ခဲ့သည်။ ထိုကြေညာချက်သည် ရန်ကုန်တက္ကသိုလ်အက်ဥပဒေပါ အချက်များကို ကန့်ကွက်ထားသည့်စာဖြစ်သည်။ ဘုရင်ခံထံမှ အကြောင်းပြန်ကြားခြင်းမပြုသဖြင့် ကျောင်းသားများသည် သပိတ်စခန်းတွင် အမျိုးသားကျောင်းများတည်ထောင်ရန် ဂျီစီဘီအေခေါင်းဆောင်များနှင့် တိုင်ပင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်ကျောင်းသားများသည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့ မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် သပိတ်မှောက်ခဲ့ကြသည်။ ထိုသပိတ်သည် ဗြိတိသျှနယ်ချဲ့တို့က မြန်မာနိုင်ငံအား မတရားသိမ်းပိုက်ပြီးနောက် လွတ်လပ်ရေးအတွက် အမျိုးသား တော်လှန်ရေးကြီးကို စတင်လိုက်ခြင်းပင်ဖြစ်သည်။ ထိုကျောင်းသားသပိတ်သည် တစ်နိုင်ငံလုံးသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားခဲ့သည်။ ထို့ပြင် ထိုသပိတ်ကို အခြေခံပြီး ထွက်ပေါ်လာသည့် မျိုးချစ်စိတ်ဓာတ်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရယူတည်ဆောက်ကာ လွတ်လပ်ရေးတိုက်ပွဲကိုလည်း အောင်မြင်အောင် ဆင်နွှဲနိုင်ခဲ့သည်။

### တစ်နိုင်ငံလုံးကထောက်ခံ

ထိုစဉ်က တက္ကသိုလ်သပိတ်ကို တစ်နိုင်ငံလုံးက ထောက်ခံခဲ့ကြသည်။ ထိုအက်ဥပဒေသည် တက္ကသိုလ် ကျောင်းသားများအပြင် တက္ကသိုလ်တက်မည့် ကျောင်းသားများကိုပါ ထိခိုက်သဖြင့် အထက်တန်းကျောင်းသားများကလည်း သပိတ်မှောက်ခဲ့ကြသည်။ ထို့နောက် တက္ကသိုလ်ကို ရာသက်ပန် သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ၁၉၂၁ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေကျင်ကျောင်းတိုက်ကြီးတွင် အမျိုးသားကောလိပ်ကို ဖွင့်လှစ်ခဲ့သည်။ အမျိုးသားပညာရေးကောင်စီကိုလည်း ဖွဲ့စည်းနိုင်ခဲ့သည်။ အောင်မြင်မှုအနေဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် အမျိုးသားကျောင်းများ ပေါ်ထွန်းလာခဲ့သည်။

ဆိုရလျှင် ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကြောင့် ပညာရေးအမြတ်များ ပေါ်ထွက်လာခဲ့သည်။ ထို့ပြင် ပြည်သူလူထုအတွင်း၌ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားစိတ်ဓာတ်များ တစ်ဟုန်ထိုး ပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့် ကျောင်းသားသပိတ်သည် မြန်မာတို့၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် တော်လှန်ရေးအောင်ပွဲဟုလည်း ဆိုနိုင်ပေသည်။ ထိုသပိတ်ကြီးက မွေးထုတ်ပေးလိုက်သော အမျိုးသားနေ့စိတ်ဓာတ်ကြောင့် နယ်ချဲ့ဆန့်ကျင်ရေးကို အတိအလင်းဖော်ပြသည့် တောင်သူလယ်သမား၊ အလုပ်သမားသပိတ်များနှင့် ၁၃၀၀ ပြည့် အရေးတော်ပုံများ ဆက်တိုက်ပေါ်ထွက်ခဲ့သည်။

### အမျိုးသားနေ့သတ်မှတ်

၁၉၃၁ ခုနှစ် ဒီဇင်ဘာလအတွင်း မန္တလေးမြို့၌ ကျင်းပသည့် ဂျီစီဘီအေ ပြည်လုံးကျွတ်ညီလာခံကြီး၌ အမျိုးသားနေ့သတ်မှတ်ရန် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ ထိုညီလာခံတွင် တချို့က သီပေါဘုရင်ပါတော်မူသော တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့ကို အကြံပေးခဲ့ကြသည်။ တချို့က ဦးဥတ္တမအဖမ်းခံရသောနေ့ကို အကြံပေးကြသည်။ ၁၉၂၀ ပြည့်နှစ် သပိတ် ၁၁ ဦး ကော်မတီတွင် ပါဝင်ခဲ့သော ဦးမြင့်က နယ်ချဲ့ကို ပထမဆုံးတော်လှန်သပိတ်မှောက်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် အကြံပြုခဲ့သည်။

ထို့နောက် ဂျီစီဘီအေအသင်းကြီးသည် ၁၉၃၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ ပြုလုပ်သည့် အထူးအစည်းအဝေးကြီး၌ ကောလိပ်ကျောင်းသားများက ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်ကန့်ကွက်သပိတ်မှောက်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့ (National Day) အဖြစ် တညီတညွတ်တည်း ဆုံးဖြတ်သတ်မှတ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ နှစ်စဉ် ထိုနေ့၊ ထိုရက် ရောက်ရှိလျှင် အမျိုးသားနေ့အခမ်းအနားများ ကျင်းပလာခဲ့သည်။

### အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားနေ့အောင်ပွဲ

ဆိုရလျှင် အမျိုးသားရေးစိတ်ဓာတ်သည် တိုင်းပြည်နှင့်လူမျိုးကို ချစ်ခင်သောစိတ်ဓာတ်ပင်ဖြစ်သည်။ တစ်နိုင်ငံတည်းနေ၊ တစ်မြေတည်းဖွား တိုင်းရင်းသားညီအစ်ကိုများကို ချစ်ခင်ခြင်း၊ စောင့်ရှောက်ခြင်းနှင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ထာဝစဉ်သယ်ပိုးသွားလိုသည့် စိတ်ဓာတ်ပင်ဖြစ်ပေသည်။ အမှန်စင်စစ်မှာမူ ပြည်ထောင်စုဖွားတိုင်းရင်းသားများသည် ရှေးပဝေဏီကတည်းကပင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက်၊ ဆိုးတူကောင်းဖက် လက်တွဲနေထိုင်လာခဲ့ကြသည်မှာ ငြင်းဆို၍မရသော ပကတိအရှိတရားပင်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်များသည် တိုင်းပြည်နှင့်လူမျိုးအတွက် အသက်တမျှ အရေးပါလှသော ထိုစိတ်ဓာတ်မျိုးကို ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်ပေသည်။

တိုင်းရင်းသားညီအစ်ကိုများသည် နယ်ချဲ့လက်အောက် ရောက်ခဲ့သည့်တိုင်အောင် အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံကာ လွတ်လပ်ရေး ရရှိသည်အထိ တိုက်ပွဲဝင်ခဲ့ကြသည်။ ထိုသို့ လွတ်လပ်ရေးအတွက် အရေးပါသည့် အမျိုးသားနေ့၏ အနှစ်သာရကို မျိုးဆက်သစ်လူငယ်များအကြား အမှတ်ထင်ထင်ရှိနေရန်လည်း လိုအပ်ပေသည်။ သို့မှသာလျှင် မိမိတိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးစိတ်နှင့် အချုပ်အခြာအာဏာ၏ အရေးပါမှုတို့ကို တန်ဖိုးထားတတ်လာနိုင်မည်ဖြစ်သည်။ *စာမျက်နှာ ၁၇သို့*

# သီတဂူမျက်စိဆေးရုံတော်၌ ရှစ်ကြိမ်မြောက် မျက်စိအခမဲ့စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးလျက်ရှိ



**ရန်ကုန် နိုဝင်ဘာ ၂၄**
နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရ ၏ဩဝါဒကိုခံယူ၍ သီတဂူမျက်စိအထူးကု ဆရာဝန်ကြီးများက ရှစ်ကြိမ်မြောက် မျက်စိဝေဒနာရှင်များကို အခမဲ့စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးခြင်း သီတဂူမျက်စိအလှူတော်ကို နိုဝင်ဘာ ၂၂ ရက်ကစတင်၍ စမ်းသပ်ကုသပေးလျက်ရှိသည်။

မျက်စိအလှူတော် ဆောင်ရွက်ရာနေရာသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများက သီတဂူဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့် မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးရာတွင် လိုအပ်သည့်နေရာများ၌ အသုံးပြုနိုင်ရေး အလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး လာရောက်ကုသကြသည့် မျက်စိဝေဒနာရှင်များအား လှည့်လည်ကြည့်ရှု အားပေးစကား ပြောကြားသည်။

ရှစ်ကြိမ်မြောက် သီတဂူမျက်စိအလှူတော်ကို ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်) တွင် နိုဝင်ဘာ ၂၂ ရက်မှ ၂၇ ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်ပြီး နိုဝင်ဘာ ၃၀ ရက်တွင် မျက်စိအခမဲ့ ခွဲစိတ်မှုခံယူထားသူများကို အမြင်အာရုံကောင်း မကောင်း၊ မျက်စိအတွင်း ထည့်ပေးထားသည့် Lens များ စောင်းသွားခြင်းရှိ မရှိ တည့်မတည့်၊ နေရာရွှေ့နေခြင်း ရှိ မရှိ အပြင် ခွဲစိတ်ထားသည့်သူများ မျက်စိအောင့်ခြင်း၊ ကိုက်ခဲခြင်းများအတွက် အထူးကုဆရာဝန်ကြီးများက စစ်ဆေးပြီး လိုအပ်သည့် ဆေးဝါးများထုတ်ပေးခြင်းကို ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(မြန်/ဆက်)**

# ဒက္ခိဏမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**ဒက္ခိဏ နိုဝင်ဘာ ၂၄**
ရေဝတီတိုင်းဒေသကြီး ဒက္ခိဏမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၂၃ ရက်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကျင်းပရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။



ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး ဒက္ခိဏမြို့နယ်ရှိ ကျေးရွာစာကြည့်တိုက် ၁၂ တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက စာပေပြိုင်ပွဲများ၊ ကာယဉာဏစွမ်းရည်ပြိုင်ပွဲများ၊ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ လုပသာယာပြည်မြန်မာ ဓာတ်ပုံပြခန်း၊ စာအုပ်စာစောင်ပြခန်း၊ ဌာနဆိုင်ရာပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး အဆိုပါစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို နိုဝင်ဘာ ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော် (မြန်/ဆက်)**

# လက်ပံတန်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး

**လက်ပံတန်း နိုဝင်ဘာ ၂၄**
လက်ပံတန်းမြို့နယ် ကြေးနီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၂၂ ရက်က ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းထိုက်က ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များအကြောင်း၊ တောအုပ်ကြီး ဦးမြတ်သူရဇော်က မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်နွဲ့နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းထွန်းတို့က ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**အောင်ဆင့်**



# မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၄**
ဧရာဝတီ တိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျှော့နည်းစေရေး၊ ရာသီဥတုပြောင်းလဲမှု လျှော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၂ ရက်က ကွမ်းခြံချောင်း အထက(ခွဲ)ကျောင်း၌ ကျင်းပသည်။



ဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးရဲလင်းမောင်က သစ်တောနှင့်နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ သိကောင်းစရာများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျှော့နည်းစေရေး၊ ရာသီဥတုပြောင်းလဲမှု လျှော့နည်းစေရေး သိကောင်းစရာများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လူသားများနှင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု၊ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု လျှော့ချရမည့်နည်းလမ်းများ၊ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(မြန်/ဆက်)**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

*စာမျက်နှာ ၁၆ မှ*
ထို့ကြောင့် မျိုးဆက်သစ်တိုင်းရင်းသားညီအစ်ကိုများအနေဖြင့် မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်တက်ကြွလာစေရန်နှင့် လွတ်လပ်ရေးအတွက် သန္ဓေတည်ပေးခဲ့သော အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားအောင်ပွဲနေ့ကို အမြဲတစေ သတိရတန်ဖိုးထားသွားရန် လိုအပ်သည်။

**လက်နက်စွဲကိုင်နေဆဲ**

အမှန်တော့ ရှေးနှစ်ပေါင်းများစွာကတည်းက တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ အတူတကွနေခဲ့ကြသည့် တိုင်းရင်းသားညီအစ်ကိုများသည် နယ်ချဲ့တို့၏ သပ်လျှိုသွေးခွဲမှုကို ခံခဲ့ကြရသည်။ အကျိုးဆက်အနေဖြင့် တိုင်းရင်းသားညီအစ်ကိုများ၏ ရင်ထဲတွင် သာတူညီမျှအခွင့်အရေးမရရှိကြဘူးဆိုသော အမြင်သဘောထားပင် ဖြစ်သည်။ ထိုသဘောထားကြောင့် တိုင်းရင်းသားညီအစ်ကိုများသည် ယနေ့အချိန်အထိ စိတ်ဝမ်းကွဲပြားနေကြဆဲ၊ လက်နက်စွဲကိုင်နေကြဆဲပင် ဖြစ်သည်။

**ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့**

စည်းလုံးညီညွတ်မှုသည် တိုင်းရင်းသားညီအစ်ကိုများအတွက် အသက်တမျှအရေးပါလျက်ရှိသည်။ ရှေးယခင်ကတည်းက တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ အေးအတူပူအမျှ အတူတကွနေထိုင်ခဲ့သော ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် နယ်ချဲ့ကိုလိုနီတို့၏ သပ်လျှိုသွေးခွဲခြင်းကို ခံခဲ့ရသည်။ လွတ်လပ်ရေးမရမီကတည်းက စိတ်ဝမ်းကွဲခဲ့ရာ ယနေ့အချိန်အထိပင်ဖြစ်သည်။

ထို့ကြောင့် တစ်ခုတည်းသောအဖြေသည် ညီနောင်တိုင်းရင်းသားများအကြား စည်းလုံးညီညွတ်မှုရရှိအောင် တည်ဆောက်ခြင်းပင်ဖြစ်သည်။ ထိုမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးကို ထုဆစ်ပုံဖော်သွားကြရမည်ဖြစ်သည်။ အထူးသဖြင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ကာ ငြိမ်းချမ်းရေး ဆွေးနွေးသွားဖို့ အချိန်တန်နေပြီဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံး စည်းလုံးညီညွတ်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ရှေးဟောင်းယဉ်ကျေးမှုဒေသမြို့တော် ပုဂံဒေသဆီ လည်ပတ်ကြမယ်

■ ယဉ်လာဒ်

**ခရီးသွားပွင့်လင်းရာသီကာလကို ရောက်ရှိလာခဲ့ပါပြီ။ ဆောင်းရာသီကာလကိုလည်း ရောက်ရှိလာတာမို့ အခုချိန်ကာလမှာ ခရီးသွားလို့ကောင်းတဲ့ နေရာတွေကတော့ ပုဂံ၊ ပုပ္ပား၊ ကလော၊ ဘားအံ၊ ငွေဆောင်၊ ချောင်းသာဘက်ကို သွားရောက်လည်ပတ်သင့်တဲ့အချိန် ဖြစ်ပါတယ်။ ဒီခရီးစဉ်တွေထဲကမှ ပထမဆုံး ပုဂံ-ပုပ္ပား ခရီးစဉ်ကို ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ဖော်ပြပေးချင်ပါတယ်။**




ရှမ်းပြည်အလှလိုမျိုး ခံစားရနိုင်တဲ့ တောင်ပေါ်တောင်ရွာရဲ့အလှအပတွေက ရေပန်းစားနေတာမို့ ပုဂံခရီးစဉ်နဲ့ တွဲဖက်ပြီး ခရီးသွားကုမ္ပဏီတွေက အပတ်စဉ် ရောင်းချပေးနေတာကို တွေ့မြင်လာရပါတယ်။

"အခုချိန်ကတော့ ပုဂံဆိုရင် တောင်ပေါ်တောင်ရွာ ခရီးစဉ်ပါလား။ မပါရင် မလိုက်ကြဘူး။ ဧည့်သည် ၇၀ ရာခိုင်နှုန်းလောက်က ဒီခရီးစဉ်ပါမှ လိုက်ကြပါတယ်။ သောကြာနေ့တိုင်း အပတ်စဉ်ထွက်ရှိပြီး အများဆုံး ကားခုနစ်စီးလောက်အထိ ပုဂံခရီးကို ပို့ဆောင်နေရပါတယ်"လို့ The Unlock Travels & Tour က တာဝန်ရှိသူက စာရေးသူကို ပြောပြပါတယ်။

**တောင်ပေါ်တောင်ရွာ**

တောင်ပေါ်တောင်ရွာရဲ့ တောင်နေကြာစိုက်ခင်း အများအပြားရှိတဲ့ နိုဝင်ဘာလ၊ ဒီဇင်ဘာလနဲ့ ဇန်နဝါရီလတွေမှာ သွားရောက်လည်ပတ်သင့်ပါတယ်။ ဆောင်းရာသီကာလဖြစ်တာမို့ တိမ်မြူခိုးတွေနဲ့ လှပတာကြောင့် ခရီးသွားတွေရဲ့ စိတ်ဝင်စားတဲ့ ခရီးစဉ်ဒေသတစ်ခု ဖြစ်လာခဲ့ပါတယ်။

ခရီးစဉ်အနေနဲ့ ဈေးနှုန်းလည်း သင့်တင့်ပြီး သုံးညအိပ် လေးရက်ကို တည်းခို စားငြိမ်းအပြီးအစီး တစ်ယောက်ကို ကျပ် ၂၃၀၀၀၀ ဖြစ်တာမို့ အခုဆိုရင် ခရီးသွားကြတဲ့သူတွေဟာ Packge Tour တွေနဲ့ အများဆုံး သွားရောက်လည်ပတ်လာကြတာကို တွေ့လာရပါတယ်။

**နန်းမြင့်မျှော်စင်**

ဒါ့အပြင် ခရီးသွားတွေ အများဆုံး သွားရောက်လည်ပတ်ကြတဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသတစ်ခုလုံးကို အပေါ်စီးကနေ မြင်တွေ့နိုင်တဲ့ နန်းမြင့်မျှော်စင်ကိုလည်း ခရီးသွားတွေ တခုတ်တရနဲ့ သွားရောက်လည်ပတ်ကြပါတယ်။ ရှေးဟောင်းယဉ်ကျေးမှုဒေသရဲ့ အမြင့်ဆုံးစေတီတော်ဖြစ်တဲ့ သဗ္ဗညုဘုရားညာဏ်တော်ထက် သုံးပေသာ နိမ့်တာမို့ ပုဂံဒေသရှုခင်းတစ်ခုလုံးကို မြင်တွေ့ရနိုင်တဲ့ တစ်ခုတည်းသောနေရာ ဖြစ်ပါတယ်။

**"မြန်မာပြည်အနှံ့အပြားမှာ လှပလွန်းတဲ့ နေရာတွေများစွာရှိပြီး ဒေသခံတွေရဲ့ ပွင့်လင်းရိုးသားမှုတွေ၊ ရိုးရာဓလေ့ထုံးစံအလှ၊ ယုံကြည်ကိုးကွယ်ရာအလှ၊ တောတောင်သဘာဝအလှ၊ အနုပညာသုခုမအလှ၊ အနုပညာရုပ်ဝတ္ထု တည်ဆောက်မှုအလှ၊ တိုင်းရင်းသားတို့ရဲ့ စုစည်းညီညွတ်မှု အလှတွေကို မြင်တွေ့စေနိုင်ပါတယ်။ မြန်မာပြည်ဟာ ကမ္ဘာပေါ်မှာ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုတွေနဲ့ ပြည့်စုံလှပတဲ့ နိုင်ငံတစ်ခုပါပဲ"**



ပုဂံကိုရောက်ပြီဆိုရင် အများစု သွားရောက်လည်ပတ်ကြတဲ့ နန်းမြင့်မျှော်စင်ဆီကို သွားရောက်လည်ပတ်ကြပါတယ်။ ဒီမျှော်စင်ကို လာရောက်လည်ပတ်တဲ့ ပြည်တွင်းခရီးသွားတစ်ဦးကို ဝင်ကြေး ငွေကျပ် ၃၀၀၀ နဲ့ နိုင်ငံခြားသား ဧည့်သည်ဆိုပါက တစ်ဦးကို ဝင်ကြေး ငါးဒေါ်လာ ကောက်ခံပါတယ်။

**ပုဂံရှေးဟောင်းသုတေသနပြတိုက်**

ဒါ့ပြင် အများသူငါ လာရောက်လေ့လာနိုင်ဖို့အတွက် ပုဂံရှေးဟောင်းသုတေသနပြတိုက်ကို တနင်္လာနေ့ကနေ အများပြည်သူ ရုံးပိတ်ရက်တွေကလွဲပြီး နေ့တိုင်း မနက် ၉ နာရီခွဲကနေ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ထားပြီး ပြတိုက်ဝင်ကြေးအနေနဲ့ ပြည်တွင်းခရီးသွားတစ်ဦးကို ငွေကျပ် ၁၀၀၀၊ နိုင်ငံခြားသားတစ်ဦးကို ဝင်ကြေး ငွေကျပ် ၁၀၀၀၀ ကောက်ခံတယ်လို့ သိရပါတယ်။

ပုဂံဒေသဟာ ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဒေသတစ်ခုဖြစ်ပြီး ရှေးဟောင်းအမွေအနှစ်တွေနဲ့ စိတ်ဝင်စားစရာနေရာတွေ အများအပြားတည်ရှိနေတဲ့ ခရီးစဉ်ဒေသတစ်ခုဖြစ်တယ်ဆိုတာ အားလုံးသိရှိပြီးလည်း ဖြစ်ပါတယ်။



ခရီးသွားဧည့်သည်တွေရဲ့ ခရီးစဉ်ပုံစံအကြိုက်ကို ရွေးချယ်ပြီး အခုဆိုရင် ခရီးသွားကုမ္ပဏီတွေက ရောင်းချလာခဲ့ကြတာကို တွေ့ရှိလာရပါတယ်။ တချို့ကတော့ ပုဂံတစ်ခွင် ခြေတော်ရာ ခရီးစဉ်တွေ၊ တချို့ကတော့ ပုဂံဒေသရဲ့ နံရံဆေးရေးပန်းချီတွေကို လေ့လာကြပါတယ်။ မည်သို့ပင်ဆိုစေ ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသကို ခရီး သွားဧည့်သည်တွေက ရာသီမရွေး လာရောက်လည်ပတ်လျက်ရှိကြပါတယ်။

ဒါ့ပြင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသကို ဒီနှစ်ရဲ့ ခုနစ်လတာကာလအတွင်းမှာ နိုင်ငံခြားသား ခရီးသွားဧည့်သည် ၁၇၇၄ ဦး ဝင်ရောက်ခဲ့တယ်လို့ ရှေးဟောင်းသုတေသနနဲ့ အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) မှ တာဝန်ရှိသူထံက သိရပါတယ်။

အများစုကတော့ ဓာတ်ပုံအသားပေး ရိုက်ကူးလို့ရတဲ့နေရာတွေကို ပို့ဆောင်ပေးလာပြီး ခရီးသွားဧည့်သည်တွေကို ဆွဲဆောင်လာခဲ့ကြပါတယ်။

**ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုတွေနဲ့ ပြည့်စုံ**

မြန်မာပြည် အနှံ့အပြားမှာ လှပလွန်းတဲ့ နေရာတွေများစွာရှိပြီး ဒေသခံတွေရဲ့ ပွင့်လင်းရိုးသားမှုတွေ၊ ရိုးရာဓလေ့ ထုံးစံအလှ၊ ယုံကြည်ကိုးကွယ်ရာအလှ၊ တောတောင်သဘာဝအလှ၊ အနုပညာသုခုမအလှ၊ အနုပညာရုပ်ဝတ္ထု တည်ဆောက်မှုအလှ၊ တိုင်းရင်းသားတို့ရဲ့ စုစည်းညီညွတ်မှု အလှတွေကို မြင်တွေ့စေနိုင်ပါတယ်။ မြန်မာပြည်ဟာ ကမ္ဘာပေါ်မှာ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုတွေနဲ့ ပြည့်စုံလှပတဲ့ နိုင်ငံတစ်ခုပါပဲလို့ ခရီးသွားကုမ္ပဏီတစ်ခုရဲ့ တာဝန်ရှိသူက ဆိုပါတယ်။

ဒါကြောင့်မို့ ဆောင်းရာသီကာလ အေးအေးချမ်းချမ်း သွားရောက်လည်ပတ်နိုင်မယ့် ပုဂံနဲ့ ပုပ္ပားခရီးစဉ်ဒေသကို ဒီတစ်ပတ် ဖော်ပြလိုက်ရပါတယ်။ ။

# အင်းစိန်မြို့နယ် ကျောက်တော်ကြီးဘုရား၌ သန့်ရှင်းသာယာလှပစေရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ သန့်ရှင်းသာယာလှပစေရေးလုပ်ငန်းများကို နိုဝင်ဘာ ၂၃ ရက်က မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ရာတွင် အင်းစိန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက ကျောက်တော်ကြီးဘုရား ရင်ပြင်တော်ပေါ်နှင့် ဘုရားကြီးရှေ့ မင်းဓမ္မလမ်း ဝဲ၊ ယာ တစ်လျှောက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို အင်းစိန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲထွန်းဇော်နှင့်အဖွဲ့က လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဇွဲထက်ကို (ပြန်/ဆက်)

# ပျော်ဘွယ်မြို့နယ်၌ ဆောင်းနေကြာ ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးဟောပြော

**ပျော်ဘွယ် နိုဝင်ဘာ ၂၄**

ပျော်ဘွယ်မြို့နယ် သမဝါယမဦးစီးဌာနမှဦးဆောင်၍ ဆောင်းနေကြာ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများအား အသိပညာပေးဟောပြောခြင်းကို နိုဝင်ဘာ ၂၂ ရက်က ဒဟတ်တန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။



ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ အကျိုးပြုတောင်သူ သမဝါယမအသင်းသား ဦးဝင်းဘိုက ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ထုတ်လုပ်သည့် သဘာဝရွက်ဖျန်းမြေဩဇာအသုံးပြု၍ ပန်းတိုင်အထွက်နှုန်းရရှိကျော်လွန်အောင် စိုက်ပျိုးခဲ့သည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက သမဝါယမဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ သဘာဝရွက်ဖျန်း မြေဩဇာရောင်းချပေးမည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် သမဝါယမအသင်းသား တောင်သူများက မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မင်းမင်းထွေး(ပျော်ဘွယ်)

# ကော့သောင်းမြို့၌ အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကျင်းပ

**ကော့သောင်း နိုဝင်ဘာ ၂၄**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို နိုဝင်ဘာ ၂၃ရက်က ကော့သောင်းမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင် ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့ ခေါင်းစဉ်ဖြင့် ကျင်းပရာ ကော့သောင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်နေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။ ခရိုင်(ပြန်/ဆက်)



# ပင်လောင်းမြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ စည်းဝေးပြုလုပ်

**ပင်လောင်း နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို နိုဝင်ဘာ ၂၂ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။

ဦးစွာ သဘာပတိ ဦးစိုင်းနော်ခမ်း(မြို့နယ်သမဝါယမအသင်းစုလီမိတက် ဥက္ကဋ္ဌ)နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း၊ အရှေ့ပိုင်း) သမဝါယမအသင်းစုချုပ် လီမိတက် ဒုတိယဥက္ကဋ္ဌ ဦးဖေသိန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှမြင့်က သမဝါယမလုပ်ငန်းဆိုင်ရာဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမအသင်းစုလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းချစ်ညွန့်က ဒါရိုက်တာအဖွဲ့၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ဒါရိုက်တာအတွင်းရေးမှူး ဦးစိုင်းချစ်သိန်းက ဘဏ္ဍာရေးရှင်းတမ်းနှင့်အမြတ်ခွဲဝေမှုစာရင်းများကိုလည်းကောင်း၊ သမဝါယမအသင်းစုလီမိတက် စာရင်းစစ်အစီရင်ခံစာများကို အသင်းစာရင်းစစ် ဒေါ်နန်းအေးမျိုးကလည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။ အဆိုပါ အသင်းဒါရိုက်တာ၏ တင်သွင်းမှုအစီရင်ခံစာများကို တာဝန်ရှိသူများက ထောက်ခံအတည်ပြုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာ ရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန



# ရမည်းသင်းမြို့နယ်၌ ဆောင်းနေကြာများ အထွက်နှုန်းကောင်းရေး တောင်သူပညာပေးဟောပြော

**ရမည်းသင်း နိုဝင်ဘာ ၂၄**

ဆီထွက်သီးနှံ ဆောင်းနေကြာများ ပန်းတိုင်အထွက်နှုန်းကောင်းရရှိရေး တောင်သူပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၀ ရက်က ရမည်းသင်းမြို့နယ် သိမ်ကုန်းကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ အကျိုးပြုတောင်သူသမဝါယမအသင်းသားဦးဝင်းဘိုက ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ထုတ်လုပ်သည့် သဘာဝရွက်ဖျန်းမြေဩဇာများ အသုံးပြု၍ပန်းတိုင်အထွက်နှုန်းကောင်းရရှိ ကျော်လွန်အောင် စိုက်ပျိုးခဲ့မှုအခြေအနေများ၊ ပန်းတိုင်အထွက်နှုန်းကောင်းရရှိစေရန် ဆောင်ရွက်ရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက သမဝါယမဦးစီးဌာနမှ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်များ ဆောင်ရွက်နေမှုအခြေအနေများနှင့် သဘာဝရွက်ဖျန်းမြေဩဇာများ ဖြန့်ဖြူးရောင်းချပေးမည့်အစီအစဉ်များကို အသိပညာပေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် အခြေခံသမဝါယမအသင်းသားတောင်သူများက ဆီထွက်သီးနှံဆောင်းနေကြာ အထွက်နှုန်းကောင်းစိုက်ပျိုးသည့်လုပ်ငန်းနှင့် ရွက်ဖျန်းမြေဩဇာရောင်းချမှုအခြေအနေတို့ကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



မော်လမြိုင်ကျွန်းမြို့နယ်၌ သန့်ရှင်းသာယာလှပစေရေးအတွက် နိုဝင်ဘာ ၂၃ ရက်က မြို့ဝင်/ ထွက် လမ်းမဘေးဝဲယာတစ်လျှောက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ ၁၆၀ ဖြင့် စုပေါင်းဆောင်ရွက်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလွင်ကိုဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြစဉ်။ မြို့နယ် (ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့စည်ပင်သာယာဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်ခြင်းကို နိုဝင်ဘာ ၂၂ ရက်က ပြုလုပ်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မင်းကျော်က မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာပေးပြီး မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများနှင့် ဈေးသူ ဈေးသားများက ပူးပေါင်းသရုပ်ပြလေ့ကျင့်စဉ်။ မောင်ကျော်ကြီး

## လှည်းကူးမြို့နယ်၌ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲနှင့် ပြိုင်ပွဲများကျင်းပ

**လှည်းကူး နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Center) ခန်းမ၌ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲ၊ ပန်းချီဆွဲ၊ ကဗျာရွတ်ဆိုပုံပြင်ပြော၊ ညဏ်စမ်းပဟေဠိနှင့် စာစီစာကုံးပြိုင်ပွဲများကို ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့က ကျောင်းသား ကျောင်းသူများအား အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံအကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်ပြီး မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေရန် အသိပညာပေးဟောပြောကာ ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ရန်ကင်းအခြေခံပညာ မူလတန်းလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်း စာစောင်များကို ကျောင်းသား၊ ကျောင်းသူများအား ဖြန့်ဝေပေးခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**



**မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)**

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရ မည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

( ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

( ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ရန်ကုန်ပညာရေးတက္ကသိုလ် (၁၉၇၄-၂၀၂၄) ပညာရေးဘွဲ့ရသူများ၏ ရွှေရတုပွဲအခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်ပညာရေးတက္ကသိုလ် (၁၉၇၄-၂၀၂၄) ခုနှစ် ပညာရေးဘွဲ့ရသူများ၏ နှစ် (၅၀) ပြည့် ရွှေရတုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ တက္ကသိုလ်မုခ်ဦးဆင်ဝင်အတွင်း B.Ed ၇၄ ဘွဲ့ရများ၏ နှစ် (၅၀)ပြည့် ရွှေရတုမင်္ဂလာအမှတ်တရအဖြစ် အမိပညာရေးတက္ကသိုလ်သို့ လှူဒါန်းမည့် "မြတ်ပညာနှင့် မြတ်ဆရာ" ကြေးကမ္ပည်းမော်ကွန်းကို



ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကေသွယ်လှိုင်၊ နာယကများဖြစ်ကြသော ဦးကျော်သောင်း၊ ဦးဝင်းကို၊ ဦးစောအုံးနှင့် ဦးခင်ရင်မောင်၊ ဥက္ကဋ္ဌဦးအေးကြိုင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးနှင်းခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဓါတ်ပုံ)**

ဆက်လက်၍ ရွှေရတုအထိမ်းအမှတ် အမှတ်တရ "မြတ်ပညာနှင့် မြတ်ဆရာ" ကြေးကမ္ပည်းမော်ကွန်း မှတ်တမ်းကို ရန်ကုန်ပညာရေး တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကေသွယ်လှိုင်အား ရွှေရတု ဖြစ်မြောက်ရေးကော်မတီကိုယ်စား ဥက္ကဋ္ဌဦးအေးကြိုင်က လွှဲပြောင်း အပ်နှံပေးပြီး ရွှေရတုပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌက မှဒိတာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်ပညာရေးတက္ကသိုလ်၌ ကျင်းပသော (၁၉၇၄-၂၀၂၄) ဘီအီးဒီဘွဲ့ရသူများ၏ မြတ်ပညာနှင့် မြတ်ဆရာကဗျာကမ္ပည်း မော်ကွန်းပေးအပ်လှူဒါန်းပွဲကျင်းပသည်။ ယင်းနောက် လေးထပ် ကျောင်းဆောင်ရှေ့ မြရိပ်ညိုသစ်တောအုပ်အတွင်း ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ပနေသူများ ကိုယ်စားပြု (၁၉၆၉-၇၄) ပညာရေးဘွဲ့ရသူများက နှုတ်ခွန်းဆက်အမှတ်တရစကားပြောပြီး ရွှေရတုဖြစ်မြောက်ရေး ကော်မတီနာယကတစ်ဦးက နှုတ်ခွန်းဆက် စကားပြောကြားခဲ့ကြောင်း သိရသည်။

**အာကာစိုး**

## ဇလွန်မြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် ပဲပုပ်မျိုးစေ့ချစိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပ

**ဇလွန် နိုဝင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဇလွန် မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၄၉) စက်မှုလယ်ယာ စခန်းမှ မျိုးစေ့ချကိရိယာဖြင့် ပဲပုပ်မျိုးစေ့ချ စိုက်ပျိုးခြင်း သရုပ်ပြပွဲအခမ်းအနားကို ယမန် နေ့က ဖက်သောင်ကျေးရွာအုပ်စု အစုကြီးကျေးရွာ တောင်သူ ဦးရွှေထူး၏ လယ်မြေတွင် ပြုလုပ် ခဲ့သည်။ မျိုးစေ့ချကိရိယာဖြင့် ပဲပုပ်မျိုးစေ့ချစိုက်ပျိုးခြင်း သရုပ် ပြရာတွင် စက်မှုလယ်ယာဦးစီး ဌာန ဦးစီးအရာရှိဦးသက်ပိုင်ထူး က လုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ခြင်း၊ မျိုးစေ့ကုန်ကျမှု နှုန်းထားသက်သာခြင်း၊ လေဝင် လေထွက်ကောင်းခြင်း၊ Oxygen နှင့် Nitrogen ကို ကောင်းစွာ ရရှိသည့်အတွက် သီးနှံအထွက်နှုန်း ကောင်းခြင်း စသည့်အကျိုး ကျေးဇူးများကို ရှင်းလင်းပြောကြား ခဲ့ပြီး မျိုးစေ့ချကိရိယာဖြင့် ပဲပုပ် မျိုးစေ့ချစိုက်ပျိုးခြင်း သရုပ်ပြခဲ့ သည်။

**မြို့နယ် (ပြန်/ဆက်)**



## လက်ပံတန်း၌ သီးနှံများအဓိကပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေး ဆွေးနွေး

**လက်ပံတန်း နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့၌ မြို့နယ်အတွင်း သီးနှံများ အဓိကပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေး စံပြကွက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး နည်းပညာဆွေးနွေးပွဲ



ကို ယမန်နေ့က ချမ်းသာကုန်းနည်းပညာ ပြန့်ပွားရေးစခန်း၌ ကျင်းပသည်။

ဦးစွာ သာယာဝတီခရိုင် ဦးစီးမှူး ဒေါ်ညိုညိုသိန်းက အမှာ စကားပြောကြားပြီး ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးရုံး(ပြည်) မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကြိုင်နှင့်အဖွဲ့ဝင်များ၊ သာယာဝတီခရိုင် နည်းပညာပေးအဖွဲ့တို့က ဆီထွက်သီးနှံများ၊ ရာသီချိန်မီ စိုက်ပျိုးဖြစ်ထွန်းနိုင်ရေး၊ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ထွက်ရှိရေး၊ သီးနှံအလိုက် စံပြကွက်များတွင် စိုက်ပျိုးမည့်တောင်သူများအား မြေအသုံးချရေးဆိုင်ရာ၊ ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးနှင့် နမ်းဘောင်ကြီးတင်နည်းစနစ် စိုက်ပျိုးနည်းများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဒေသခံတောင်သူ ၆၅ ဦး တက်ရောက်ခဲ့ပြီး သိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မော်လမြိုင်မြို့နယ် သာယာအေးရပ်ကွက် စာကြည့်တိုက်အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၂၄**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် သာယာအေးရပ်ကွက် စာကြည့် တိုက် အဆောက်အအုံသစ် ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက် မြေနေရာ၌ ကျင်းပရာ မြို့နယ် စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးအောင် ဝင်းနိုင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက သတ်မှတ် နေရာအသီးသီး၌ ပန္နက်တင် ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ **(ယာပုံ)**

ထို့နောက် သာယာအေး ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မြို့နယ်စီမံအုပ်ချုပ်ရေး ဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်က စာကြည့် တိုက် ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်မည့် စာကြည့်တိုက် ကော်မတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သတ်မှတ်ထားသည့် ငွေကြေးအတိုင်းအတာထက် ပိုမို ကောင်းမွန်အောင် ဆောင်ရွက် နိုင်ရေးတို့အတွက် ဒေသခံနှင့် စေတနာရှင် အလှူရှင်များ၏ လုပ်အား၊ ငွေအားလှူဒါန်းမှုတို့ ရရှိခြင်းအားဖြင့် အဆောက် အအုံအပြင် စာကြည့်တိုက်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့်ပြည့်စုံ၍ ဒေသခံပြည်သူများအား အကျိုးပြု နိုင်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

အဆိုပါ စာကြည့်တိုက် အဆောက်အအုံကို မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီက လှူဒါန်းထောက်ပံ့ ငွေကျပ် သိန်း ၁၅၀ နှင့် ဒေသခံ ပြည်သူများ၏ စုပေါင်းလှူဒါန်းငွေ တို့ဖြင့် အလျား ပေ ၂၀၊ အနံ ပေ ၂၀ ရှိ RC တစ်ထပ် အဆောက်အအုံ နှင့် စာကြည့်တိုက်သုံး ပရိဘောဂ နှင့် စာအုပ်စာစောင်များ ဖြည့် ဆည်း ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။

**ခင်စန်းမြင့် (ပြန်/ဆက်)**



# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ယခုလအတွင်း ဘုရားဖူးပြည်သူ တစ်သိန်းနှစ်သောင်းကျော် လာရောက်ဖူးမြော်



ကျိုက်ထို နိုဝင်ဘာ ၂၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ စည်ကားသိုက်မြိုက်စွာ နေ့စဉ်လာရောက် ဖူးမြော်နေကြပြီး ယခုလ (နိုဝင်ဘာလ) ၌ လာရောက်ဖူးမြော်သူ ၁၂၅၄၅၀ ရှိကြောင်း စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ထံမှ သိရသည်။

"သီတင်းကျွတ်လပြည့်နေ့ အောက်တိုဘာ ၁၇ ရက်နေ့ကနေ နိုဝင်ဘာ ၂၃ ရက်နေ့အထိ ဘုရားဖူး ၁၇၀၀၅၅ ဦး ရှိပါပြီ။ ပြည်တွင်းဘုရားဖူး ၁၆၉၄၃၀ နဲ့ ပြည်ပဘုရားဖူးက ၆၂၅ ဦးရှိပါတယ်။ နိုင်ငံခြားသား ပြည်ပဘုရားဖူးတွေထဲမှာ ထိုင်းနိုင်ငံကအများဆုံးပါပဲ။ အခုလို စနေ၊ တနင်္ဂနွေနဲ့ အများပြည်သူအလုပ်ပိတ်ရက်တွေမှာ အများဆုံးလာကြပါတယ်" ဟု ဂေါပကအဖွဲ့ တာဝန်ရှိသူက ပြောသည်။

**အလွယ်တကူ လိုက်ပါစီးနင်းနိုင်ရန် စီမံထား**

ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ အန္တရာယ်ကင်းဝေးစေရန်နှင့် စိတ်ချမ်းမြေ့စွာ ဘုရားဖူးမြော်နိုင်ရန်အတွက် စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက လုံခြုံရေး၊ အခမဲ့တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်တက်မော်တော်ယာဉ် အစီး ၁၅၀ ကို နေ့စဉ်ပြေးဆွဲပေးနေကာ သတ်မှတ်လူဦးရေနှင့် ယာဉ်စီးနင်းခများကိုလည်း သတ်မှတ်နှုန်းထားဖြင့် အလွယ်တကူ လိုက်ပါစီးနင်းနိုင်ရန် စီမံထားကြောင်း သိရသည်။

ဘုရားဖူးပြည်သူများ စည်ကားများပြားသည့်အတွက် ကျိုက်ထီးရိုးတောင်တော်တစ်လျှောက် အထင်ကရနေရာများဖြစ်သည့် မုဆိုးတောင်တော်၊ ကျီးကန်းပါးစပ်လိုဏ်ဂူတော်၊ ကျောက်ထပ်ကြီးစေတီတော်၊ ရေတံခွန် စသည့်နေရာများ၊ ရင်ပြင်တော်ဈေးဆိုင်တန်းတစ်လျှောက်ရှိ ထမင်းဆိုင်များ၊ အမှတ်တရအရောင်းဆိုင်များ၌ ဘုရားဖူးများဖြင့် စည်ကားနေသည့်အပြင် အခမဲ့နှင့် အခပေးတည်းခိုဆောင်များ၊ ရင်ပြင်တော်၌လည်း တည်းခိုနေထိုင်သူများပြားလျက်ရှိကြောင်း တွေ့ရသည်။

ကျိုက်ထို (ပြန်/ဆက်)

# တောင်ကြီးမြို့နယ် ကွန်ပျူတာတက္ကသိုလ်အဝင်လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



တောင်ကြီး နိုဝင်ဘာ ၂၄

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် တောင်ကြီးကွန်ပျူတာတက္ကသိုလ် အဝင်လမ်းကို မြေသားလမ်းမှကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမျိုးမင်းသန့်၊ တောင်ကြီးခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဟန်ကိုကိုစိုးတို့သည် တောင်ကြီးကွန်ပျူတာတက္ကသိုလ်အဝင်လမ်း အရှည် သုံးဖာလုံ၊ အကျယ် ၁၂ပေ၊ ထု ၁၅ လက်မရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ၏ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံအင်ဂျင်နီယာ ဦးစီးအရာရှိ(မြို့ပြ) ဒေါ်မျိုးသီရိလှိုင်အား လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ သတ်မှတ်ထားသော လမ်းဒီဇိုင်းများ၏စံချိန်စံညွှန်းများအတိုင်း အရည်အသွေးပြည့်ဝစွာဖြင့် အလေးထားဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ တောင်ကြီးကွန်ပျူတာတက္ကသိုလ်အဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး၏ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ထံမှ သိရသည်။

၂၂၂

# မိုးနှောင်းဝါကောက်သိမ်းနေမှုအခြေအနေနှင့် ဝါသီးနှံများဖြစ်ထွန်းနေမှု ကွင်းဆင်းစစ်ဆေး

ပြည် နိုဝင်ဘာ ၂၄

ပြည်မြို့နယ်အတွင်း သမဝါယမအသင်းစုပိုင်ငွေဖြင့် ဆောင်ရွက်သည့် သမဝါယမအသင်းရှစ်သင်း၏ Raka 666 မျိုးများဖြင့် စိုက်ပျိုးထားသည့် ဝါစိုက်ဧက ၁၉၈၅ ရှိသည့်အနက် သဲကြဲကြီးကျေးရွာ သဲကြဲကြီး စိုက်ပျိုးရေးအဖွဲ့နှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား တောင်သူဦးမောင်မောင်ဌေး၏ မိုးနှောင်းဝါစိုက်ပျိုးသော ယာမြေငါးဧကကို ပထမအကြိမ်ကောက်သိမ်းခဲ့ရာ တစ်ဧကလျှင် ဝါ ၂၉၆ ပိဿာနှုန်းဖြင့် စုစုပေါင်းငါးဧကအတွက် ပိဿာ ၁၄၈၀ ထွက်ရှိခဲ့သည်။

အဆိုပါ မိုးနှောင်းဝါကောက်သိမ်းနေမှုအခြေအနေကို ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် ပြည်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးနှင့်အဖွဲ့သည် ပေါက်ခေါင်းမြို့နယ် လေးကြီးကျေးရွာရှိ သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ရယူဆောင်ရွက်ထားသည့် Raka 666 မျိုးဖြင့် စိုက်ပျိုးသော နေခြည်သစ်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ တောင်သူဦးအောင်မင်း၏ ဝါစိုက်ခင်းဖြစ်ထွန်းနေမှု အခြေအနေများကိုကြည့်ရှုကာ ထွက်ရှိလာသောဝါများကို ဝါလုပ်ငန်းရှင်များ၊ ဝါအဝယ်ဒိုင်များနှင့် ချိတ်ဆက်ပြီး ဈေးနှုန်းအမြင့်မားဆုံးရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုစိုး (ပြန်/ဆက်)



## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေ လုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်း ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၂၄**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ နိုဝင်ဘာ ၂၂ ရက်က ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးက အမှာစကားပြောကြားပြီး စာရေးဆရာကြင်ဦးလူက အမျိုးသားအောင်ပွဲနေ့အကြောင်း အသိပညာပေးဟောပြောကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လူငယ်စကားဝိုင်း ပါဝင်ဆွေးနွေးသည့် ကျောင်းသား ကျောင်းသူများအား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းဌေးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးမိုးနှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ အထက်တန်းပြ ဆရာမ ဒေါ်စန်းရီတို့က ဦးဆောင် ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ပြီး အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ခြောက်ဦးက လူငယ်နှင့် ရည်မှန်းချက်၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့် ဆိုရှယ်မီဒီယာ၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့် ကျန်းမာရေး ခေါင်းစဉ်များဖြင့် ဆွေးနွေးကြကာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည့်မေးခွန်းများကိုလည်း ပြန်လည်ဖြေကြား ဆွေးနွေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



# မရှိ၍မလင်းသူမရှိစေရ အစီအစဉ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး

**ရန်ကုန် နိုဝင်ဘာ ၂၄**
ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော "မရှိ၍မလင်းသူမရှိစေရ" အစီအစဉ်ဖြင့် ယနေ့ နံနက်တွင် သန်လျင်ခရိုင် ကျောက်တန်းမြို့နယ်ရှိ အမြင်အာရုံနည်းသူများကို စမ်းသပ်ကုသပေးခြင်းနှင့် သန်လျင်အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခန်းမနှင့် ကျောက်တန်းမြို့ ပြည်သူ့ဆေးရုံတို့၌ ကွင်းဆင်းဆေးကုသခြင်းကို ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် မျက်စိလူနာ ၅၁၁ ဦးကို ခွဲစိတ်ကုသရန်ညွှန်းပို့ပေးခဲ့သည်။ ထို့ပြင် လူနာ ၁၁၄ ဦးကို အတွင်းတိမ်ခွဲစိတ်ကုသရန်ညွှန်းပို့ပေးခဲ့ပြီး အခြားလူနာ ၂၈၀ အား ခွဲစိတ်၊ အရိုး၊ သားဖွားမီးယပ်၊ ကလေးနှင့်သွားအထူးကုဆရာဝန်ကြီးများက ကုသပေးခဲ့သည်။ **(အပေါ်ပုံ)**

ယနေ့ကုသမှုတွင် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး တီဘီရောဂါ ကွင်းဆင်းရှာဖွေခြင်းကိုလည်း ပူးပေါင်းဆောင်ရွက်ခဲ့ရာ လူနာ ၆၀ ကို တီဘီရောဂါ စမ်းသပ်စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## ဘုတ်ပြင်းမြို့၌ Grade- 11 နှင့် Grade- 12 ဆရာ ဆရာမများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း ဖွင့်လှစ်



**ဘုတ်ပြင်း နိုဝင်ဘာ ၂၄**
ဘုတ်ပြင်းမြို့တွင် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ Grade- 11 နှင့် Grade- 12 ဆရာ ဆရာမများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ် သင်တန်းကို နိုဝင်ဘာ ၁၆ ရက်က ခရိုင်ပညာရေးမှူးရုံး၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်၊ ရာဇသတ်ကြီး၊ ပြည်သူ့စစ်မှုထမ်း ဥပဒေ၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ လောင်းကစားဥပဒေများကို ဘုတ်ပြင်းခရိုင် ဒုတိယခရိုင် ဥပဒေအရာရှိ ဦးဇင်မင်းဦးနှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်ယဉ်လဲ့မင်းဝေ တို့က သင်တန်းသား ဆရာ ဆရာမ ၁၂ ဦးတို့အား နိုဝင်ဘာ ၂၀ ရက် အထိ ဖွင့်လှစ်သင်ကြား ပို့ချပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မင်းလှမြို့၌ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

**မင်းလှ နိုဝင်ဘာ ၂၄**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြို့နယ်အတွင်းအဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေး စံပြကွက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး နည်းပညာဆွေးနွေးပွဲကို ယမန်နေ့က ရွှေဝါမြိုင်တောင်သူနည်းပညာပေးစင်တာ၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လင်းက အမှာစကားပြောကြားပြီး ဒုတိယတိုင်းဒေသကြီးဦးစီးမှူးရုံး(ပြည်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကြိုင်နှင့် အဖွဲ့ဝင်များ၊ သာယာဝတီခရိုင်ဦးစီးမှူး ဒေါ်ညိုညိုသိန်းနှင့် ခရိုင်မြေမျိုးပိုးအဖွဲ့တို့က အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းပြည့်မီ ကျော်လွန်ထွက်ရှိအောင် ဆောင်ရွက်နိုင်မည့် စိုက်ပျိုးနည်းများကို ဆွေးနွေးပို့ချခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ စိုက်ပျိုးရေးတောင်သူများ တက်ရောက်ကြပြီး သိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပန်းနာရင်ကျပ်ရောဂါခံစားနေရသည့် အကျဉ်းသားကို ထောင်ဝန်ထမ်းများက ညှဉ်းပန်းနှိပ်စက်နေသည်ဟု မဟုတ်မမှန်စွပ်စွဲ သတင်းရေးသား

**နေပြည်တော် နိုဝင်ဘာ ၂၄**
ဒိုက်ဦးထောင်တွင် ပန်းနာရင်ကျပ် ရောဂါခံစားနေရသည့် နိုင်ငံရေးအကျဉ်းသားကိုထက်လင်းဦး ကို ထောင်ဝန်ထမ်းများက ညှဉ်းပန်းနှိပ်စက်နေသည်ဟု Khit Thit Media အမည်ခံ Facebook Page က မဟုတ်မမှန်စွပ်စွဲ သတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ ဒိုက်ဦးဗဟိုအကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသား/သူ မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာ ရှိပြီး အောက်တိုဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် အကျဉ်းထောင် အိပ်ဆောင်အတွင်း အကျဉ်းသား ထက်လင်းဦး(ခ)အိုဝမ်းသည် အကျဉ်းသား စိုးသူအောင်နှင့် စကားများ ရန်ဖြစ်ခဲ့ပြီး အကျဉ်းသား ထက်လင်းဦး၏ သူငယ်ချင်းဖြစ်သူ အကျဉ်းသား ကျော်ဇင်သက်က အကျဉ်းသား စိုးသူအောင်ကို ဝင်ရောက်ထိုးကြိတ်မှု ဖြစ်ပွားခဲ့သည်။

